# ဒုတိယအကြိမ်
# ရှမ်းပြည်နယ်လွှတ်တော်
# အထူးအစည်းအဝေး(၁/၂၀၂၀)
# မှတ်တမ်း

# ရှမ်းပြည်နယ်
# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
# အထူးအစည်းအဝေး(၁/၂၀၂၀)
# မာတိကာ

**စဉ်** **အကြောင်းအရာ** **စာမျက်နှာ**

**(က) အထူးအစည်းအဝေး(၁/၂၀၂၀) ပထမနေ့ မှတ်တမ်း**


(၁) ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း။ ၁

(၂) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာခြင်း။ ၂

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း။ ၂

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။ ၂

(၅) ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း။ ၅

(၆) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းအား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။ ၁၀

(၇) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။ ၁၃

(၈) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဝမ်းနည်းကြောင်း အဆိုတင်သွင်းခြင်း။ ၁၃

(၉) ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်ရေးရာကော်မတီ ၁၀ ခု သက်တမ်းတိုးမြှင့်ခြင်းကို လွှတ်တော်၏အတည်ပြုချက်ရယူခြင်း။ ၁၄

(၁၀) ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၂၀) ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၁၆

## ( ခ) အထူးအစည်းအဝေး (၁/၂၀၂၀) ဒုတိယနေ့ မှတ်တမ်း

(၁) ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း။ ၁၇

(၂) ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၁၈

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။ ၁၈

(၄) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။ ၁၈

(၅) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၂၀

(၆) ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်း။ ၄၄

(၇) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၅၄

(၈) ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၂၀) ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြခြင်း။ ၅၇

(၉) ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၂၀) ဒုတိယနေ့ အစီအစဉ် ပြီးစီးကြောင်းနှင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူး အစည်းအဝေး (၁/၂၀၂၀) ပြီးမြောက်ကြောင်း ကြေညာခြင်း။ ၆၁

**( ဂ) ဆုံးဖြတ်ချက်များ** ၆၂

# ရှမ်းပြည်နယ်

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

## အထူးအစည်းအဝေး(၁/၂၀၂၀)

## (ပထမနေ့)မှတ်တမ်း

## ၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

## ၂၀၂၀ ပြည့်နှစ်၊ မေ လ ၁၈ ရက်

## [တနင်္လာနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/ ၂၀၂၀) (ပထမနေ့) အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်တွင် စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးက လည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဒေါ်ဟန်သီဦး၊ ဒုတိယညွှန်ကြားရေးမှူးက လည်းကောင်း ဆောင်ရွက် ပါသည်။

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
## အထူးအစည်းအဝေး (၁/၂၀၂၀) စတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အထူးအစည်းအဝေး (၁/ ၂၀၂၀) (ပထမနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါ သဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

## ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

**(ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီရှင်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဒုတိယဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/ ၂၀၂၀) (ပထမနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေ (၁၃၈)ဦး ရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၁၅)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက် ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၈၂.၇၃) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ ထက်ဝက်ကျော်လွန်တဲ့အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၆ နှင့် ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၃၄(ခ) တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၅(ဂ)အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး (ပထမနေ့)အစီအစဉ်ကြေညာခြင်း။

**ဒုတိယဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူး အစည်းအဝေး (၁/ ၂၀၂၀) (ပထမနေ့)အစီအစဉ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက် ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဒုတိယဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ယနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ ရှမ်း ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/ ၂၀၂၀) ၁၈- ၅- ၂၀၂၀ ရက် (ပထမနေ့)မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှာ-

(၁) ဦးစိုင်းလုံးဆိုင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၂) ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၂)ရက်။

(၃) ဦးအာဇေလ၊ အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၄) ဦးစိုင်းကျော်ဇေယျ(ခ) ဦးစိုင်းယည်၊ လဲချားမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၅) ဦးစိုင်းမျိုးမြင့်၊ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့်(၂)ရက်။

(၆) ဦးစိုင်းလုံ၊ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့်(၂)ရက်။

(၇) ဦးစိုင်းစိန်လှ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၈) ဦးမြင့်လွင်၊ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၉) ဦးကိန်မိုင်၊ မူဆယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၁၀) ဦးအယိုင်စဉ်၊ မန်တုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၁၁) ဦးဝေစန်း၊ ကုန်းကြမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၁၂) ဦးကျောက်တယ်ချန်၊ ကုန်းကြမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၁၃) ဦးအောင်သန်းထွန်း၊ လောက်ကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန် အတွက် ခွင့်(၂)ရက်။

(၁၄) ဦးဘေရင်နယ်(ခ)ဦးခင်မောင်လွင်၊ လောက်ကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၁၅) ဦးခွန်ထွန်းလူ(ခ)ဦးဒီကီ၊ ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့်(၂)ရက်။

(၁၆) ဦးကျာကဇော်၊ မက်မန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၁၇) ဦးအီးရှာမွေ၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၁၈) ဦးစောမူးလာ၊ မိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၁၉) ဦးစိုင်းကျောက်၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၂၀) ဦးအားကို၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၂၁) ဒေါ်နန်းစံဟွမ်၊ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၂၂) ဦးစံလွင်၊ ဟိုပုံးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၂၃) ဦးခွန်ဟန်သိန်းဦး၊ မောက်မယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၂၄) ဗိုလ်မှူးဇော်မိုးလွင်၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

ယနေ့ ခွင့်ပန်ကြားသူ (၂၄)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၂၄)ဦးအား ခွင့်အဖြစ်သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ ရိုသေလေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/ ၂၀၂၀) (ပထမနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ (၁၃၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၄)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/ ၂၀၂၀) (ပထမနေ့) သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

ပြည်နယ်လွှတ်တော်ကသဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း။

**ဒုတိယဥက္ကဋ္ဌ။** အစီအစဉ်(၅) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူး

အစည်းအဝေး(၁/ ၂၀၂၀)သို့ စုံညီစွာတက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကာယသုခ၊ စိတ္တသုခ၊ နှစ်ဖြာသော သုခနှင့် ပြည့်စုံပြီး နိုင်ငံတော်နဲ့ ပြည်သူ့အကျိုးကို သယ်ပိုးရင်း မိမိတို့ကိုယ်စီအတွက်လည်း ဆန္ဒနဲ့ဘဝ တစ်ထပ်တည်း ကျပါစေလို့ နှုတ်ခွန်း ဆက်သလိုက်ပါတယ်။

ယခုခေါ်ယူတဲ့ အထူးအစည်းအဝေးဟာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၇ ရက်စွဲပါစာအမှတ် (၅၇၉၅)/ ၆-၂၂၀/ အစရ(ရှမ်း)ဖြင့် ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး/ ပြည်နယ်အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ဘဏ္ဍာရေး ကော်မရှင်သို့ အချိန်မီတင်ပြနိုင်ရေးအတွက် အဆင့်ဆင့် စိစစ်မှုများ ပြုလုပ်ရမှာ ဖြစ်ပါတယ်။

တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများမှ သက်ဆိုင်ရာ လွှတ်တော်များမှာ အတည်ပြု ပြီးသော တိုင်းဒေသကြီး/ ပြည်နယ်များ၏ ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး/ ပြည်နယ်အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (ရုံးချုပ်)သို့ ၂၀၂၀ ပြည့်နှစ်၊ မေလ ၅ ရက်နေ့ထက်နောက်မကျစေဘဲ ပေးပို့ရမည်ဖြစ်သည့်အတွက် လွှတ်တော်အရေးပေါ်အစည်းအဝေးတစ်ရပ် ကျင်းပပေးရန် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က လွှတ်တော်ကို သဝဏ်လွှာပေးပို့လာပါတယ်။

သို့ရာတွင် ၂၃.၄.၂၀၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် Coronavirus Disease 2019 (COVID-19)ကာကွယ်၊ ထိန်းချုပ်ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ ဒုတိယအကြိမ် ဆုံးဖြတ်ချက်အရ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ Coronavirus Disease 2019 (COVID-19)ကာကွယ်၊ ထိန်းချုပ်တားဆီးရေးအတွက် ၃၀.၄.၂၀၂၀ ရက်နေ့အထိ ထုတ်ပြန်ထားတဲ့ အမိန့်၊ ကြော်ငြာစာ၊ ပြည်သူသို့ ပန်ကြားချက်၊ ညွှန်ကြားချက်များကို ၁၅.၅.၂၀၂၀ ရက်နေ့အထိ ရက်တိုးမြှင့်ဆောင်ရွက်သွားရန် တိုင်းဒေသ ကြီး/ပြည်နယ်လွှတ်တော်ရုံးများ သိရှိလိုက်နာဆောင်ရွက်သွားရန် အကြောင်းကြားလာပါ တယ်။

ဒါကြောင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးတို့နှင့် ပြန်လည်ညှိနှိုင်းသဘောတူညီချက်အရ ရှမ်းပြည်နယ်လွှတ်တော်အနေနဲ့ အထူးအစည်းအဝေးတစ်ရပ်ကို ၁၈.၅.၂၀၂၀ ရက်နေ့မှာ ကျင်းပရန် ခေါ်ယူရခြင်းဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ပထမဦးစွာ ဒီအထူးအစည်းအဝေးခေါ်ယူရတဲ့ အကြောင်းအရင်းကို အနည်းငယ် ရှင်းလင်းပြောကြားလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၇၈ နှင့် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၃ မှာ ဖော်ပြထားတဲ့

အတိုင်း လွှတ်တော်အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က အကြောင်းကြားလာလျှင် လွှတ်တော် ဥက္ကဋ္ဌသည် အထူး အစည်းအဝေးကို ဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကို ဖြစ်စေ အမြန်ဆုံး ခေါ်ယူကျင်းပ ပေးရမည်ဆိုတဲ့ ပုဒ်မနှင့်အညီ ယခုလို အထူးအစည်းအဝေး (၁/၂၀၂၀)ကို ခေါ်ယူကျင်းပရတာ ဖြစ်ပါတယ်။

ဒီအထူးအစည်းအဝေးမှာ ဆောင်ရွက်ဖို့ အဓိကအချက်ကတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့က ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ အရအသုံးခန့်မှန်း ခြေငွေစာရင်းကို လွှတ်တော်သို့ တင်သွင်း၍ လွှတ်တော်၏ အတည်ပြုချက်ကို သတ်မှတ် ကာလအတွင်း ရယူနိုင်ဖို့ ဖြစ်ပါတယ်။

ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်တင်သွင်းခြင်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၅ မှာ "ရှမ်းပြည်နယ်အစိုးရက သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ပြည်ထောင်စု၏ ဘဏ္ဍာရေးကော်မရှင်က ချမှတ်ထားသော မူဘောင်အတွင်းမှာ ရေးဆွဲပြုစုပြီး ပေးပို့သော ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်ကို လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥက္ကဋ္ဌသည် လွှတ်တော်ခေါ်ယူရမည်"ဟု ဖော်ပြပါရှိပါတယ်။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၆ မှာ "ဥက္ကဋ္ဌသည် နည်းဥပဒေ ၁၄၅ အရ ပေးပို့သည့် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်နှင့်စပ်လျဉ်း၍ လွှတ်တော် အစည်းအဝေးတွင် ဆွေးနွေးပြီး လွှတ်တော်၏ အကြံပြုချက်များကို ရှမ်းပြည်နယ် ဝန်ကြီးချုပ်ထံ ပြန်လည်ပေးပို့ရမည်"ဟု ဖော်ပြပါရှိပါတယ်။

ရန်ပုံငွေသုံးစွဲခြင်းနှင့်ပတ်သက်၍ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၈ မှာ "ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေဖြင့် သုံးစွဲအကောင်အထည်ဖော် ဆောင်ရွက်သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်း များတွင် ညှိနှိုင်းခွင့်ရှိသည်"ဟု ဖော်ပြပါရှိပါတယ်။

၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲရာမှာ ပြည်ထောင်စုရန်ပုံငွေမှ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ၏ လိုငွေအတွက် ထောက်ပံ့ငွေကျပ် ၂၈၂.၀၄၆ ဘီလီယံနှင့် ရှမ်းပြည်နယ်၏ ရသင့်ရထိုက်သော အခွန် အကောက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၅ နှင့်အညီ အပြည့်အဝကောက်ခံရရှိငွေ ကျပ် ၅၇.၉၃၄ ဘီလီယံပေါ်မူတည်၍ ပြည်သူလူထုကို ချက်ချင်းလက်ငင်း အသုံးပြုနိုင်သည့် အသုံးစရိတ် ကျပ် ၃၃၉.၉၈၀ ဘီလီယံတို့ကို ဦးစားပေးသုံးစွဲရန် လျာထားကြောင်း

တွေ့ရှိရပါတယ်။ အသုံးစရိတ်မှာ သာမန်အသုံးစရိတ် ကျပ် ၁၁၂.၆၅၇ ဘီလီယံ၊ ငွေလုံးငွေရင်း အသုံးစရိတ် ကျပ် ၂၂၇.၃၂၃ ဘီလီယံ ဖော်ပြထားတာကို တွေ့ရှိရပါတယ်။

ဆက်သွယ်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၆၄ မှာ "၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၂ အရ ဖွဲ့စည်းတဲ့ လွှတ်တော်ကော်မတီနှင့် အဖွဲ့များသည် ရှမ်းပြည်နယ်အဆင့် အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအား လည်းကောင်း ဖိတ်ကြား၍ မေးမြန်းခြင်း၊ ဆွေးနွေးခြင်း၊ ကြားနာခြင်းနှင့် လိုအပ်သည့် အထောက်အထားများကို တင်ပြစေခြင်း ပြုနိုင်သည်"ဟု ဖော်ပြပါရှိပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့လာသော ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ အရအသုံးခန့်မှန်းခြေငွေစာရင်းကို ကြိုတင်စိစစ်နိုင်ရန် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီနှင့် အခြားရေးရာကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က (၁၄.၅.၂၀၂၀)ရက်မှ (၁၆.၅.၂၀၂၀) ရက်အထိ စိစစ်ညှိနှိုင်းရေးလုပ်ငန်း များကို ဌာနဆိုင်ရာများအား ခေါ်ယူ၍ ကြားနာဆောင်ရွက်ခဲ့ပြီး အချိန်တိုအတွင်း ထိရောက်စွာ စိစစ်နိုင်ရေးအတွက် ကော်မတီ(၈)ခုကို တာဝန်ခွဲဝေပေးခဲ့ပါတယ်။

ဒါကြောင့် ယနေ့တင်သွင်းမဲ့ အရအသုံးခန့်မှန်းခြေငွေစာရင်းမှာပါရှိတဲ့ စီမံကိန်း လုပ်ငန်းများ၊ ရငွေသုံးငွေများနဲ့ စပ်လျဉ်းပြီး စိစစ်ကြတဲ့ ကော်မတီများအနေနဲ့လည်း သတ်မှတ်ပြဋ္ဌာန်းထားတဲ့ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ နိုင်ငံတော်ရဲ့ ဘဏ္ဍာရေး ဆိုင်ရာမူဝါဒ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့် စိစစ် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ အစည်းအဝေး သတ်မှတ်ကာလအတွင်း ဘဏ္ဍာရေး နှစ်သစ်အတွက် အချိန်မီဆွေးနွေး အတည်ပြုပေးဖို့ လိုအပ်သလို မှုတမှန်ကန်စွာ စိစစ်ဖို့ လည်းလိုအပ်ပါတယ်။

လွှတ်တော်ရေးရာကော်မတီများက ကြားနာပွဲကို ဆောင်ရွက်ရာမှာ ကြားနာပွဲဆိုတဲ့ အသုံးအနှုန်းထက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းဆိုလျှင် ပိုမိုသင့်လျော်မှာ ဖြစ်ပါတယ်။

ဒီလို ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းသည် ဝင်ရောက်စွက်ဖက်သည့် ပုံစံမျိုးမဟုတ်ဘဲ Check and Balance ဆောင်ရွက်တာ ဖြစ်ပါတယ်။ Hearing ဆိုသည်မှာ ကျယ်ပြန့်ပါတယ်။ Court Hearing နှင့် Parliamentary Hearing ဆိုပြီး ရှိတဲ့နေရာမှာ ကျွန်တော်တို့

ရေးရာကော်မတီများက Parliamentary Hearing ကို ခေါ်ယူဆွေးနွေးခြင်း နည်းလမ်းဖြင့် ဆောင်ရွက်တာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်အတွက် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၂ အရ လွှတ်တော်ကော်မတီ ၁၀ ဖွဲ့ကို လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ၈၈ ဦးဖြင့် ဖွဲ့စည်းထားပါတယ်။ ဒီလိုဖွဲ့စည်းတဲ့နေရာမှာ ပါတီအဖွဲ့အစည်းပေါင်းစုံ ပါဝင်အောင်ဖွဲ့စည်းခဲ့ပါတယ်။ တာဝန်ကို စုပေါင်းယူ၊ စုပေါင်းခေါင်းဆောင်၊ စုပေါင်းဆောင်ရွက်နိုင်အောင်လည်း စီစဉ်ခဲ့ပါတယ်။

လုပ်ငန်းဆောင်ရွက်ရာမှာ တစ်ဦးချင်း ဆောင်ရွက်သည်ထက် အများစုပေါင်းဆောင်ရွက်ပါက ပိုမိုထိရောက် အောင်မြင်ပြီး၊ ပို၍ ကျယ်ကျယ် ပြန့်ပြန့်စဉ်းစားနိုင်တဲ့အတွက် အဖြေကောင်းများ ရရှိနိုင်မှာ ဖြစ်ပါတယ်။ “ကော်မတီများရဲ့ သက်တမ်း (၁) နှစ် ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်နိုင်သည်”ဟု လွှတ်တော်ဥက္ကဋ္ဌအား အပ်နှင်းထားသလို လိုအပ်ချက်အရ ထပ်မံ၍ သက်တမ်းကိုလည်း တိုးနိုင်တယ်လို့ မှတ်ယူပါတယ်။

ဒီကနေ့အထိ ကော်မတီဝင်များအနေနဲ့ မိမိတို့ လက်ရှိယူနေရတဲ့ ကော်မတီတာဝန်များကို တာဝန်ကျေပွန်စွာဖြင့် ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ကြပြီး လွှတ်တော်ကို ကိုယ်စားပြုနိုင်တဲ့အတွက် ကျွန်တော့်အနေနဲ့ ဖွဲ့စည်းထားတဲ့ ကော်မတီများကို မှတ်တမ်းတင်ပါကြောင်း ပြောကြားလိုပါတယ်။

ကမ္ဘာတစ်ဝန်း၌ Coronavirus Disease 2019(COVID-19) ရောဂါလက်ရှိဖြစ်ပွားလျက်ရှိတဲ့ နေရာမှာ အစည်းအဝေးကျင်းပနေစဉ် ကာလအတွင်း Social Distancing သတ်မှတ်ချက်အရ တစ်ဦးနှင့်တစ်ဦး အနည်းဆုံး ၃ ပေအကွာ နေထိုင်ရမည်ဖြစ်သဖြင့် အစည်းအဝေးခန်းမအတွင်းမှာ ထိုင်ခုံများခြား၍ နေရာချထားပေးခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များ တည်းခိုနေထိုင်ရာတွင်လည်း တစ်ဦးလျှင် သီးခြား ၁ ခန်းစီ နေရာချထားပေးခြင်းများ စီစဉ်ဆောင်ရွက်ပေးထားပါတယ်။

ဒါကြောင့် လူစုလူဝေးကို အတတ်နိုင်ဆုံး လျော့ချရန်အတွက် ယခုအစည်းအဝေးတွင် ဥပဒေကြမ်းများတင်သွင်းခြင်း၊ အဆိုတင်သွင်းခြင်းနဲ့ မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်များကို ဆောင်ရွက်ခြင်းမပြုဘဲ နောင်လာမည့် လွှတ်တော်ပုံမှန်အစည်းအဝေးများတွင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၂၀)ကို တက်ရောက်ပေးကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအား ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့အားလုံးဟာ သမိုင်းပေးတာဝန်အရ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအဖြစ် အတူတကွတာဝန်ထမ်းဆောင်ခွင့်ရတဲ့ အချိန်မှာ အပြုသဘောဆောင်တဲ့ အပြန်အလှန် နားလည်မှုကို တည်ဆောက်ပြီး မိမိတို့လွှတ်တော် ခိုင်မာအားကောင်းအောင် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ လွှတ်တော်လုပ်ငန်းများအပါအဝင် ဒီအထူးအစည်းအဝေးမှာ ဆောင်ရွက်ရန် လျာထားသည့် အစီအစဉ်များကိုလည်းအောင်အောင်မြင်မြင်ဖြစ်အောင် ဝိုင်းဝန်းဆောင်ရွက်ကြပါလို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းအား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။

**ဒုတိယဥက္ကဋ္ဌ။** ယခုအစီအစဉ်(၆) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းအား ရှမ်းပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။** ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၂၀)သို့ ကြွရောက်လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်ဥပဒေချုပ်၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ဒီကနေ့ အစည်းအဝေးမှာ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများရဲ့ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ရေးအတွက် တင်ပြလိုပါတယ်။

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ အကြောင်းကြားချက်အရ ပြည်ထောင်စုမှ ရှမ်းပြည်နယ်သို့ ၂၀၂၀- ၂၀၂၁ ခု ၊ ဘဏ္ဍာရေးနှစ်အတွက် ထောက်ပံ့ငွေ ကျပ် ၂၈၂.၀၄၆ ဘီလီယံနဲ့ အခွန်ဝေစုခွဲဝေရငွေ ကျပ် ၁၅.၀၂၂ ဘီလီယံ အပါအဝင် စုစုပေါင်းရငွေ ကျပ် ၃၃၉.၉၈၀ ဘီလီယံ ရှိမှာဖြစ်တဲ့အတွက် စုစုပေါင်းအသုံးစရိတ်ကိုလည်း အဲဒီဘောင်အတွင်းမှာဝင်အောင် ရေးဆွဲခဲ့ ပါတယ်။

ဘောင်အတွင်းဝင်အောင် ရေးဆွဲထားတဲ့ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများအား ရှမ်းပြည်နယ်အစိုးရ အဖွဲ့သို့ တင်ပြခဲ့ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၆-၄-၂၀၂၀ ရက်စွဲပါစာအမှတ် ၊ (၅၁၀၂)/ ၆- ၂၃၃/ အစရ (ရှမ်း)ဖြင့် အတည်ပြုခဲ့ပြီးလည်း ဖြစ်ပါတယ်။ လွှတ်တော်ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား၊ Powerpoint အသုံးပြုခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။

ယခုရေးဆွဲထားတဲ့ ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းအရ အခွန်ကောက်ရငွေ ကျပ် ၃.၉၆၁ ဘီလီယံ၊ အခွန်ဝေစုခွဲဝေရငွေ ကျပ် ၁၅.၀၂၂ ဘီလီယံ၊ အခြားသာမန်ရငွေ ကျပ် ၃၂.၉၅၁ ဘီလီယံ၊ လွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ် ၅.၀၀၀ ဘီလီယံ၊ အရေးပေါ်ရန်ပုံငွေ ရငွေ ကျပ် ၁.၀၀၀ ဘီလီယံ နဲ့ ပြည်ထောင်စုမှထောက်ပံ့ငွေ ကျပ် ၂၈၂.၀၄၆ ဘီလီယံ၊ စုစုပေါင်းရငွေ ကျပ် ၃၃၉.၉၈၀ ဘီလီယံ ရှိမှာဖြစ်ပါတယ်။ ဒါကြောင့် သာမန်အသုံးစရိတ် ကျပ် ၁၁၂.၆၅၇ ဘီလီယံနဲ့ ငွေလုံးငွေရင်း အသုံးစရိတ် ကျပ် ၂၂၇.၃၂၃ ဘီလီယံ၊ စုစုပေါင်းအသုံးစရိတ် ကျပ် ၃၃၉.၉၈၀ ဘီလီယံ သုံးစွဲရန် လျာထားပါတယ်။

ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/ အဖွဲ့အစည်း (၂၇)ဖွဲ့အနက် ဌာန(၅)ခုမှ အခွန်အကောက်(၉)မျိုး ကောက်ခံပါတယ်။ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရေခွန်နှင့် တာတမံခွန်၊ ဓာတ်သတ္တုခွန်(၂)မျိုးကို ကောက်ခံပါတယ်။ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအနေဖြင့် ယစ်မျိုးခွန်၊ မြေယာပေါ်တွင် ကောက်ခံသည့်အခွန်၊ ဓာတ်သတ္တုပစ္စည်းခွန် (၃)မျိုးကို ကောက်ခံပါတယ်။ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် အင်းအိုင်ခွန်(၁)မျိုးကို ကောက်ခံ ပါတယ်။ သစ်တောဦးစီးဌာနအနေဖြင့် သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်(၁)မျိုးကိုသာ ကောက်ခံပါတယ်။ စည်ပင်သာယာရေးဌာနအနေဖြင့် ပစ္စည်းခွန်၊ ဘီးခွန်(၂)မျိုးကို ကောက်ခံပါတယ်။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်း အခွန်အကောက်ရငွေ ကျပ် ၃.၉၆၁ ဘီလီယံ ကောက်ခံရရှိမယ်လို့ ခန့်မှန်းပါတယ်။

သာမန်အသုံးစရိတ်တွင် လစာ၊ စရိတ်၊ ချီးမြှင့်ငွေ အသုံးစရိတ်ပါဝင်မှု ၃၆.၂၈%၊ အဆောက်အဦ၊ လမ်း/ တံတားနှင့် လုပ်ငန်းသုံးယာဉ်၊ ရုံးသုံးယာဉ် သာမန်ပြင်ဆင်ထိန်းသိမ်း

စရိတ်ပါဝင်မှု ၃၉.၅၀%၊ လွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေး ရန်ပုံငွေနှင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထောက်ပံ့ငွေ အသုံး စရိတ်ပါဝင်မှု ၄.၄၅%၊ အခြားအုပ်ချုပ်မှုဆိုင်ရာ အသုံးစရိတ် ၁၉.၇၇% ဖြစ်ပြီး ငွေလုံးငွေရင်း အသုံးစရိတ်စာရင်းတွင် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် အသုံးစရိတ်ပါဝင်မှု ၉၇.၉၁%၊ စက်ကိရိယာ၊ ပရိဘောဂနဲ့ ယာဉ်အသုံးစရိတ်ပါဝင်မှု ၁.၈ % နဲ့ အခြားအသုံးစရိတ်များပါဝင်မှု ၀.၂၉ % စသည်ဖြင့် အသီးသီးလျာထားပါတယ်။ အသေးစိတ်ရှင်းလင်းမှုများကို Powerpoint တွင် ရှင်းလင်းတင်ပြထားပြီး ဖြစ်ပါတယ်။

ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းများနှင့်စပ်လျဉ်း၍ လစာစရိတ်နှင့်အခြားအုပ်ချုပ်မှုဆိုင်ရာ အသုံးစရိတ် များပါဝင်သော သာမန်အသုံးစရိတ်သုံးစွဲမှုကို အသေးစိတ်စိစစ်ခဲ့ပြီး ပြည်သူကို တိုက်ရိုက် အကျိုးပြုမည့် လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ ဆည်မြောင်းတာတမံ၊ ရေကန်၊ ရေနုတ်မြောင်းတူးဖော်ရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ လမ်း/တံတားလုပ်ငန်း များ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနဲ့ မြို့ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်ပင် သာယာရေးလုပ်ငန်းများအတွက် ငွေလုံးငွေရင်းအသုံးစရိတ်ကို ဦးစားပေး ရေးဆွဲထား ပါတယ်။

ငွေလုံးငွေရင်းအသုံးစရိတ်စာရင်းတွင် ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုမည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် ကျပ် ၂၂၂.၅၈၁ ဘီလီယံ ဖြင့် အများဆုံးသုံးစွဲထားပြီး စက်ကိရိယာ၊ ပရိဘောဂ၊ လုပ်ငန်းသုံးနှင့်ရုံးသုံးယာဉ် ဝယ်ယူခြင်းများအတွက် ကျပ် ၄.၁၈၇ ဘီလီယံ၊ အခြားအသုံးစရိတ်များအတွက် ကျပ် ၀.၆၅၅ ဘီလီယံ၊ စုစုပေါင်း ကျပ် ၂၂၇.၃၂၃ ဘီလီယံ သုံးစွဲရန် လျာထားပါတယ်။

ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ရငွေရရှိမှု အခြေအနေနှင့် အသုံးစရိတ်ကျခံသုံးစွဲမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ ထားတဲ့ စာရွက်စာတမ်းများကို လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ဖြန့်ဝေထားပြီး ဖြစ်ပါ တယ်။

သို့ဖြစ်ပါ၍ ယခုတင်ပြထားတဲ့ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများရဲ့ ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

**ဒုတိယဥက္ကဋ္ဌ။** အစီအစဉ် (၇) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့်စပ်လျဉ်း၍ ၂၀၂၀ ပြည့်နှစ်၊ မေ လ ၁၉ ရက်(အင်္ဂါနေ့) မှာ ဆွေးနွေးမှာဖြစ်ပါတယ်။ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါမှာ ဒီကနေ့ ညနေ(၅)နာရီ နောက်ဆုံးထားပြီး ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးသွင်းပေးဖို့ ဖြစ်ပါတယ်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ဝမ်းနည်းကြောင်းအဆို တင်သွင်းခြင်း။

**ဒုတိယဥက္ကဋ္ဌ။** အစီအစဉ် (၈) ဖြစ်ပါတယ်။ အစီအစဉ်အရ မိုင်းယန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း ကွယ်လွန်အနိစ္စရောက်ရှိခြင်းအတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဝမ်းနည်းကြောင်း အဆိုကိုတင်သွင်းမှာ ဖြစ်ပါတယ်။ ဒီအစီအစဉ်ကို ဆောင်ရွက်တဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ လက်ခုပ်မတီးမိဖို့ သတိပြုစေလိုပါတယ်။ ယခု ၎င်းအဆိုကို တင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယခုကျင်းပနေသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/ ၂၀၂၀)မှာ ဝမ်းနည်းကြောင်းအဆို တစ်ရပ်ကို တင်သွင်းမှာ ဖြစ်ပါတယ်။

မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း (တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၊ အဖွဲ့ဝင်)သည် (၂-၄-၂၀၂၀)

ရက်နေ့ ည(၁၁:၄၅)နာရီအချိန်တွင် ကွယ်လွန်အနိစ္စရောက်ရှိခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ကွယ်လွန်အနိစ္စ ရောက်ရှိသွားခြင်းအတွက် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၁ (က)အရ ဝမ်းနည်းကြောင်းအဆိုကို လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပင်းတယ မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းက မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးတင်ဝင်း (တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီ၊ အဖွဲ့ဝင်)သည် (၂-၄-၂၀၂၀)ရက်နေ့တွင် ကွယ်လွန်အနိစ္စ ရောက်ရှိသွားပါသဖြင့် ဝမ်းနည်းကြောင်းအဆိုကို ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၁ (က)အရ လွှတ်တော်သို့ တင်သွင်း လာပါတယ်။ ဒီအဆိုဟာ လွှတ်တော်၏ အများဆန္ဒနှင့်ကိုက်ညီပြီး လွှတ်တော်က သဘောတူတယ်လို့ မှတ်ယူပါတယ်။ ဒါကြောင့် မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း ကွယ်လွန်အနိစ္စရောက်ရှိခြင်းအတွက် တင်သွင်းသည့် ဝမ်းနည်းကြောင်းအဆိုအား လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ပါတယ်။

## ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်ရေးရာကော်မတီ ၁၀ခု သက်တမ်းတိုးမြှင့်ခြင်းကို လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။

**ဒုတိယဥက္ကဋ္ဌ။** အစီအစဉ် (၉)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်မှာ ရေးရာကော်မတီ (၁၀) ခုကို ဖွဲ့စည်းထားရှိခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၆၇ (ဂ)၊ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၅၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂(ဂ)တွင် “လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီနှင့် အဖွဲ့များကို ဖွဲ့စည်းသည့်အခါ ယင်းကော်မတီ သို့မဟုတ် အဖွဲ့များ၏ အဖွဲ့ဝင် ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုပါ သတ်မှတ်ပေးရမည်” ဟု ဖော်ပြပါရှိပါတယ်။ ထို့ကြောင့် ရေးရာကော်မတီများ၏ သက်တမ်းဟာ (၁) နှစ်ပြည့်ပြီဖြစ်တဲ့အတွက် ကော်မတီများ၏ သက်တမ်းတိုးမြှင့်ခြင်းကို လွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူသွားမှာ ဖြစ်ပါတယ်-

| | | |
|---|---|---|
| ၁။ | ဥပဒေပြုရေးဆိုင်ရာကော်မတီ | ၁၁ဦး |
| ၂။ | တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ | ၁၄ဦး |
| ၃။ | လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ | ၆ဦး |

| | | |
|---|---|---|
| ၄။ | ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီ | ၁၀ဦး |
| ၅။ | တိုင်ကြားစာများစိစစ်ရေးကော်မတီ | ၈ဦး |
| ၆။ | ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ | ၇ဦး |
| ၇။ | ပညာရေး၊ ကျန်းမာရေးနှင့် အမျိုးသမီး၊ ကလေးဆိုင်ရာ မြှင့်တင်မှုကော်မတီ | ၉ဦး |
| ၈။ | တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီ | ၉ဦး |
| ၉။ | တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ | ၇ဦး |
| ၁၀။ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ် ရေးနှင့် လျှပ်စစ်ရေးရာကော်တီ | ၇ဦး |

ယင်းကော်မတီများ၏ သက်တမ်းတိုးမြှင့်ခြင်းကို အတည်ပြုရန်အတွက် လွှတ်တော်က

သဘောတူပါသလား ခင်ဗျား။

သဘောတူပါသလား ခင်ဗျား။

သဘောတူပါသလား ခင်ဗျား။

လွှတ်တော်က သဘောတူတဲ့အတွက် ဖော်ပြပါ ကော်မတီ ၁၀ ခု၏ သက်တမ်းတိုးမြှင့်ခြင်းကို အတည်ပြုကြောင်း ကြေညာပါတယ်။

# ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/ ၂၀၂၀) (ပထမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (ဒုတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဒုတိယဥက္ကဋ္ဌ။** အစီအစဉ်(၁၀)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/ ၂၀၂၀)(ပထမနေ့)ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၂၀) (ဒုတိယနေ့) ကို ၂၀၂၀ ပြည့်နှစ်၊ မေ လ ၁၉ ရက် (အင်္ဂါနေ့) နံနက် (၁၀)နာရီ အချိန်မှာ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကို ကျေးဇူး တင်ပါတယ်ရှင်။

# ရှမ်းပြည်နယ်

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

## အထူးအစည်းအဝေး (၁/ ၂၀၂၀)

## (ဒုတိယနေ့)မှတ်တမ်း

## ၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်

## ၂၀၂၀ ပြည့်နှစ်၊ မေ လ ၁၉ ရက်

## [အင်္ဂါနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/ ၂၀၂၀) (ဒုတိယနေ့) အစီအစဉ်ကို နံနက် (၁၀:၁၅)နာရီအချိန်တွင် စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးကလည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဒေါ်ဟန်သီဥ၊ ဒုတိယညွှန်ကြားရေးမှူးက လည်းကောင်း ဆောင်ရွက်ပါသည်။

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/ ၂၀၂၀) စတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/ ၂၀၂၀) (ဒုတိယနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

## ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

**(ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီရှင်။

## ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဒုတိယဥက္ကဋ္ဌ။** အားလုံးမင်္ဂလာပါ။ ကျွန်တော်တို့ လျှပ်စစ်ဓာတ်အားချို့ယွင်းမှုကြောင့် အစည်းအဝေးသတ်မှတ်ချိန် (၁၅)မိနစ်ခန့် နောက်ကျသွားတဲ့ အတွက်ကြောင့်မို့လို့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး နားလည်ခွင့်လွှတ်ပေးဖို့ တောင်းပန်ချင်ပါတယ်။ ဒီကနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/ ၂၀၂၀) ၁၉.၅.၂၀၂၀ ရက် (ဒုတိယနေ့) ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/ ၂၀၂၀) (ဒုတိယနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၉)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၁၄)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ်စုစုပေါင်း၏ (၈၂.၀၁) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀(က)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး (ဒုတိယနေ့)အစီအစဉ်ကြေညာခြင်း။

**ဒုတိယဥက္ကဋ္ဌ။** အစီအစဉ်(၃)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူး အစည်းအဝေး (၁/ ၂၀၂၀) (ဒုတိယနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသောအစီအစဉ်များအတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဒုတိယဥက္ကဋ္ဌ။** အစီအစဉ်(၄)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဂါရဝပြုနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/ ၂၀၂၀) ၁၉-၅-၂၀၂၀ ရက် (ဒုတိယနေ့)မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား နမ့်စန် မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှာ-

(၁) ဒေါက်တာအောင်သန်းမောင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၂) ဦးခွန်ဟန်သိန်းဦး၊ မောက်မယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

ယခင်ကခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၂၃)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ(၂)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၂၅)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ ရိုသေ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/ ၂၀၂၀) (ဒုတိယနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးရေမှာ (၁၃၉)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၃)ဦး၊ ယနေ့ထပ်မံ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂)ဦး ဖြစ်ပါတယ်။ စုစုပေါင်း ခွင့်ပြုထားသူ (၂၅)ဦးရှိပြီး ခွင့်မဲ့ ပျက်ကွက်မရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/ ၂၀၂၀) (ဒုတိယနေ့) သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

ရှမ်းပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

**ဒုတိယဥက္ကဋ္ဌ။** အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/ ၂၀၂၀) (ပထမနေ့) (၁၈-၅-၂၀၂၀)ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ရှမ်းပြည်နယ်ဘဏ္ဍာ ရန်ပုံငွေတွင်ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ကိုယ်စားလှယ် (၈)ဦးက အမည်စာရင်းပေးပို့ ထားပါတယ်။ ပထမဦးစွာ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်းက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါခင်ဗျား။ ယနေ့ပြုလုပ်ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/ ၂၀၂၀)ကို ကြွရောက်လာတဲ့ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ ပုဂ္ဂိုလ်များအားလုံး ကိုယ်စိတ် နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေလို့ ရှေးဦးပဏာမအနေနဲ့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်

(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ထွဏ်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မနေ့က အထူးအစည်းအဝေး (၁/ ၂၀၂၀) ပထမရက် (၁၈.၅.၂၀၂၀) ရက်နေ့မှာ ရှမ်းပြည်နယ် အစိုးရအဖွဲ့ကတင်သွင်းတဲ့ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းအား ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ လောကမှာ လွတ်လပ်မှု မရှိခြင်း၊ တန်းတူညီမျှမှုမရှိခြင်း၊ မျှတမှုမရှိခြင်းဆိုတဲ့ လောကပါလတရားတွေ ကွယ်ပျောက် ဆိတ်သုဉ်းသွားပြီဆိုရင် အဲဒီလောကကြီးဟာ အေးချမ်းသာယာမှု မရှိဘဲ အမြဲပူလောင်ပြီး ပဋိပက္ခတွေနဲ့ နှစ်စဉ်အမြဲကြုံတွေ့ကြရမှာ ဓမ္မတာပဲ ဖြစ်ပါတယ်။  နိုင်ငံတစ်ခု၊ ပြည်နယ် တစ်ခုမှာလည်း အလားတူပါပဲ။ လောကပါလတရားကွယ်ပျောက်သွားပြီဆိုရင် ပဋိပက္ခတွေ၊ မအေးချမ်းမှုတွေ ဖြစ်လာစမြဲဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ အသေးဆုံး ဥပမာပြရရင် မိသားစုတစ်စုမှာ ဖခင်ဖြစ်သူက သားသမီးများအပေါ်မှာ သာတူညီမျှတဲ့ မေတ္တာ၊ မတူညီတဲ့ စေတနာတွေ ထားမယ်ဆိုရင် ညီအစ်ကိုချင်း စိတ်ဝမ်းကွဲပြီး နောက်ဆုံးမှာတော့ ပဋိပက္ခဖြစ်ပြီး ရုံးရောက်၊ ဂတ်ရောက်တဲ့ သာဓကတွေရှိစမြဲပါ။

ကျွန်တော့်အနေနဲ့ ဆွေးနွေးလိုတာကတော့ မနေ့က (၁၈.၅.၂၀၂၀) ရက်နေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းတဲ့ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းကို လေ့လာ ကြည့်တဲ့အခါမှာ ခွဲဝေမှုဟာ မျှတမှုမရှိဘူးလို့ ဦးစွာတင်ပြလိုပါတယ်။

ဒါကလည်း နှစ်စဉ်ဘဏ္ဍာရေးရန်ပုံငွေ အရအသုံးခန့်မှန်းခြေငွေစာရင်းကို ပြည်နယ် အစိုးရအဖွဲ့က လွှတ်တော်အစည်းအဝေးကို တင်သွင်းလာတိုင်း လွှတ်တော်ကိုယ်စားလှယ်များ ထံမှ ကြားနေရတဲ့ ကန့်ကွက်အသံပဲဖြစ်ပါတယ်။ ဒီအသံတွေ ပျောက်သွားအောင် အဓိကတော့ သာတူညီမျှမှုရှိဖို့ပဲဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်မှာ ကောင်းရင်ကောင်းတယ်၊ မကောင်းရင် မကောင်းသလို၊ မျှတမှုရှိတယ်၊ မျှတမှုမရှိဘူး ဆိုတာကို လွတ်လွတ်လပ်လပ် ပြောဆိုနိုင်သလို လွတ်လပ်စွာ သဘောကွဲလွဲခွင့် ရှိပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းကို ကြည့်တဲ့အခါ မြို့နယ်တစ်ခုနှင့် တစ်ခု ရရှိမှုဟာ များစွာခြားနားလျက်ရှိတာကို တွေ့ရပါတယ်။

လိုအပ်ချက်ဆိုတာ မြို့နယ်တိုင်းလိုလိုရှိပါတယ်။ ပြည့်စုံတဲ့မြို့နယ်ရယ်လို့ မရှိပါဘူး။ မပြည့်စုံတဲ့မြို့နယ်ကို ပိုမိုဖြည့်ပေးပြီး ပိုလျှံနေတဲ့ မြို့နယ်တွေကတော့ နည်းနည်းလျှော့ယူရင် မကောင်းဘူးလားလို့ စဉ်းစားမိပါတယ်။ အားငယ်တဲ့လူကို ဖေးကူပေးတာ ဗုဒ္ဓအဆုံးအမနဲ့

ညီပါတယ်။ ပိုတဲ့လူကလှူပြီး လိုတဲ့လူကိုဖြည့်ပေးတာ လောကကြီးမှာ အင်မတန်ပျော်စရာကောင်းပါတယ်။

ဥပမာ- လျှပ်စစ်ကဏ္ဍမှာကြည့်မယ်ဆိုရင် လျှပ်စစ်ဆိုတာ မြို့တိုင်း၊ ရွာတိုင်း လိုချင်ကြတဲ့ ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်ပါ။ မြို့ရွာတော်တော်များများက လျှပ်စစ်မီးတွေမလုံလောက်သေးပါဘူး။ လိုအပ်ချက်များစွာရှိနေပါသေးတယ်။ လျှပ်စစ်ကဏ္ဍမှာ ပြန်ကြည့်တဲ့အခါမှာ တစ်ချို့မြို့နယ်က လုပ်ငန်းပေါင်း (၃၀) ကျော်၊ တချို့မြို့နယ်မှာ လုပ်ငန်းပေါင်း (၂၀) ကျော်၊ တစ်ချို့မြို့နယ်ဆို လုပ်ငန်းပေါင်း (၁၀)ခုကျော် ရှိသလို တစ်ချို့မြို့နယ်က လုပ်ငန်းသေးသေးလေး(၂)ခု၊ တစ်ချို့မြို့နယ်ဆိုရင် (၁) ခု မရတဲ့မြို့နယ်လည်း အများကြီးရှိပါတယ်။ ဒါဟာ အင်မတန်မှ ကြီးမားတဲ့ကွာဟချက်ပဲ ဖြစ်ပါတယ်။

လုပ်ငန်းအနည်းငယ်ရတဲ့ မြို့နယ်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေက မတောင်းလို့လားမေးစရာဖြစ်ပါတယ်။ တောင်းပါတယ်။ ကြယ်ပွင့်ပြရော၊ ကြယ်ပွင့်မပြရော တောင်းပါတယ်။ သို့သော်လွှတ်တော်မှာ မေးခွန်းမေးတိုင်း သက်ဆိုင်ရာ ပြည်နယ်အစိုးရ အဖွဲ့များက မြို့နယ်စီမံကိန်းမှာ ဦးစားပေး ထည့်ပေးပါ။ တင်ပြပါ။ ရန်ပုံငွေရရှိပါက ဆက်လက်ဆောင်ရွက်ပါမည်ဆိုတဲ့ ခေတ်ပြားဟောင်းတွေပဲကြားနေရပါတယ်။ လွှတ်တော် ကတိကဝတ်မဖြစ်တဲ့ အဖြေတွေပဲ ရနေတာကြာတော့ တင်ပြချင်တဲ့စိတ်တွေ ကုန်လာကြပါပြီ။

မြို့နယ်စီမံကိန်းစာရင်းထဲမှာ ထည့်ပြန်တော့ တစ်ကယ်တမ်းကျတော့ ပါမလာပြန်ဘူးဖြစ်နေတယ်။ မြို့နယ်စီမံကိန်းကော်မရှင်ဆိုတာ လွှတ်တော်ကိုယ်စားလှယ်၊ ဌာနဆိုင်ရာ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတွေ စုံလင်စွာ ပါဝင်ပြီးတော့မှ အကျေအလည် ညှိနှိုင်းတဲ့ အစည်းအဝေးပဲဖြစ်ပါတယ်။ အဲ့ဒီစီမံကိန်း အစည်းအဝေးမှာ ကိုယ့်မြို့နယ်မှာရှိတဲ့ ပြည်သူလူထုရဲ့ တင်ပြချက်၊ လွှတ်တော်ကိုယ်စားလှယ်များ ကွင်းဆင်းတဲ့အခါမှာ တစ်ကယ်မျက်မြင်ကိုယ်တွေ့ တွေ့ရှိလာတဲ့ လိုအပ်ချက်တွေကို တင်ပြပြီးတော့ ထောင့်စုံပေါင်းစုံညှိနှိုင်းတဲ့ အစည်းအဝေးဖြစ်ပါတယ်။ အဲ့ဒီ အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် စီမံကိန်းထဲမှာ ထည့်ပြီး တင်ပြကြတာဖြစ်ပါတယ်။ အဲ့ဒီ တင်ပြတဲ့ စာရင်းတွေ မပါဘဲနဲ့ ဘာတွေပါလာသလဲဆိုရင် ဝန်ကြီးချုပ်ခရီးစဉ်လမ်းညွှန်ချက်၊ ဝန်ကြီးခရီးစဉ် လမ်းညွှန်ချက်၊ ဦးဆောင်ညွှန်ကြားရေးမှူးရဲ့ စာအရ လွှတ်တော်ကိုယ်စားလှယ်အဆိုပြုတင်ပြချက်၊ ဌာနမှတင်ပြချက်၊ နောက်တစ်ခါ လူထုစကားဝိုင်းထဲက ပြည်သူ၏တင်ပြချက်ဆိုတာပါ ပါသေးတယ်။ နောက်တစ်ခုက ကွန်ဟိန်းမြို့နယ်အတွက် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က တင်ပြစာအရ အ.စ.ရ (ရှမ်း)မှ (၂၇.၇.၂၀၁၈) / ၉၃၇၆/ ၈-၁၁၂ / အစရ (ရှမ်း) ဖြင့်စိစစ်တင်ပြပြီး ကျပ်သိန်းပေါင်း ၄,၉၈၈ သိန်း၊ လျှပ်စစ်လုပ်ငန်းချပေးဆိုတာ တွေ့ရပါတယ်။ ဒီကိစ္စကို ကျွန်တော်ကန့်ကွက်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ မြန်မာနိုင်ငံမှာ မှတ်ပုံတင်ထားတဲ့ တရားဝင်ပါတီပေါင်း (၉၀) ကျော်ရှိပါတယ်။ ပါတီတစ်ခုခုက တောင်းဆိုရင် အစိုးရက ဘတ်ဂျက်ချပေးတယ်ဆိုတဲ့ မူဝါဒ ရှိပါသလားလို့မေးချင်ပါတယ်။ ဒီလိုဆိုရင် ကျန်တဲ့ပါတီတွေက တောင်းလို့မရဘူးလားဆိုတာ ပြောစရာဖြစ်ပါတယ်။ ဒီတစ်ချက်ကို ပြန်စဉ်းစားသင့်ပါတယ်။ နောက် လားရှိုးမြို့နယ်မှာ လျှပ်စစ်လုပ်ငန်းပေါင်း (၃၀)ကျော် ရပါတယ်။ အဲ့ဒီမှာ လူထုစကားဝိုင်းမှ ပြည်သူတင်ပြချက် အရဆိုပြီး လုပ်ငန်းလျာထားပေးတာ တွေ့ရပါတယ်။ ဒီလိုဆိုရင်တော့ လူထုစကားဝိုင်းဆိုတာ မြို့နယ်တိုင်းလုပ်ပါတယ်။ စကားဝိုင်းမှာ တောင်းဆိုရင် ပေးနိုင်သလားဆိုတာ မေးခွန်းဖြစ်နေ ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေက လွှတ်တော်မှာတောင်းဆိုတာထက် လူထု စကားဝိုင်းက လူထုတွေတောင်းဆိုတာက ပိုပြီးအရေးကြီးသလားဆိုတာ မေးစရာဖြစ်ပါတယ်။ အဲ့ဒါကို ဦးစားပေးပြီးတော့ ထည့်ပေးသင့်သလားဆိုတာ စဉ်းစားစရာဖြစ်ပါတယ်။

နောက်ပြီး ဝန်ကြီးချုပ်ခရီးစဉ်၊ ဝန်ကြီးခရီးစဉ်တွေဆိုပြီး ဘတ်ဂျက်ထဲမှာ မလျာထား သင့်ကြောင်း ပြီးခဲ့တဲ့ဘဏ္ဍာရေးနှစ် ရသုံးငွေစာရင်းကို လွှတ်တော်မှာ ဆွေးနွေးစဉ်က ဘဏ္ဍာရေးကော်မတီရဲ့ အစီရင်ခံစာမှာ အတိအလင်းထည့်သွင်းထားတာ ကျွန်တော်မှတ်သားရ ပါတယ်။ ဆိုလိုတာက “မသိသူ ကျော်သွား၊ သိသူဖော်စား” သလိုဖြစ်နေတယ်။ ပုဂ္ဂိုလ်ရေး ခင်မင်မှုရှိရင် အခွင့်အရေးပိုရတယ်ဆိုတဲ့ သဘောမျိုးဖြစ်နေတယ်။ “ပုဂ္ဂိုလ်ခင်မှ တရားမင်” ဆိုတဲ့ သဘောမျိုး ဖြစ်နေပါတယ်။ နောက်တစ်ခုဆွေးနွေးလိုတာတော့ (၁၅.၅.၂၀၂၀) ရက်နေ့၊ ကျားခေါင်းခန်းမမှာ ပြုလုပ်တဲ့ ကြားနာပွဲကိစ္စပဲ ဖြစ်ပါတယ်။

အဲ့ဒီကြားနာပွဲကို ဘတ်ဂျက်ကော်မတီအားလုံး၊ ရေးရာကော်မတီဥက္ကဋ္ဌနှင့် အတွင်း ရေးမှူးတွေပဲ တက်ခွင့်ရပါတယ်။ ကျန်တဲ့လွှတ်တော်ကိုယ်စားလှယ်တွေ တက်ရောက် ကြားနာခွင့်မရခဲ့ပါဘူး။ အဲ့ဒီမှာ ဘာတွေရသလဲဆိုရင် တက်ရောက်ခဲ့တဲ့ကိုယ်စားလှယ်တွေ ဟာ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဆိုတဲ့အတိုင်း ရှမ်းပြည်နယ်တစ်ခုလုံးဆိုင်ရာ ခြုံငုံတဲ့ ဆွေးနွေးမှုမျိုး မတွေ့ရဘဲ ကိုယ့်မြို့နယ်က ရတာနည်းတယ်။ ဒါထပ်တိုးပေးပါ၊ ဒါထပ် ဖြည့်ပေးပါဆိုပြီး မြို့နယ်အာဃာတထားပြီး တောင်းဆိုတာပဲတွေ့ရပါတယ်။ ဥပမာ- ရပ်စောက် မြို့နယ်ကဆိုရင် နဂိုမူလပါပြီးသား လျှပ်စစ်ကဏ္ဍက (၁၃) ခု၊ အဲ့ဒီမှာ ထပ်တိုးတောင်းတာက (၁၂) ခုဆိုတော့၊ စုစုပေါင်း (၂၅)ခု ဖြစ်နေပြီ။ ဒါကိုပြန်စဉ်းစားပေးပါလို့ မေတ္တာရပ်ခံပါတယ်။ နောက်ပြီး အဲ့ဒီကြားနာပွဲမှာ ထပ်တောင်းလို့ရတယ်ဆိုရင် တစ်ခြား လွှတ်တော်ကိုယ်စားလှယ် များလည်း တက်ခွင့်ပေးပါ။ ထပ်တောင်းချင်ပါတယ်လို့ ပြောချင်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များအားလုံး မပါဝင်ရတဲ့ကြားနာပွဲမှာ ကိုယ့်မြို့နယ်အတွက် ထပ်တိုးတောင်း တဲ့ကိစ္စကိုလည်း ကျွန်တော်ကန့်ကွက်ပါတယ်။

လျှပ်စစ်ကဏ္ဍမှာ လားရှိုးမြို့နယ်က လုပ်ငန်း(၃၁)ခု ရရှိတာကို တွေ့ရပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ မိုးမိတ်မြို့နယ်နှင့် သီပေါမြို့နယ်တို့က များစွာ ရရှိကြပါတယ်။ ကြည့်လိုက်တော့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၏ အဆိုပြုလုပ်ငန်းဆိုတာ ရေးထား ပါတယ်။ ကျွန်တော်တို့လည်း အဆိုပြုရုံတင်မက လွှတ်တော်မေးခွန်းလည်း မေးတယ်။ စီမံကိန်းလည်း ထည့်ပါတယ်။ မရပါဘူး။ ဘာမှပါမလာပါဘူး။ ပြည်နယ်ကိုယ်စားလှယ်မှ အဆိုပြုသောလုပ်ငန်းဆိုတာ ဘာကိုဆိုလိုတာလဲ။ ကိုယ်စားလှယ်က စာရေးပြီး ဝန်ကြီးဆီကို တင်ပြတဲ့လုပ်ငန်းလား။ ဒီလိုဆိုရင် မြို့နယ်စီမံကိန်းထဲ ထည့်စရာမလိုတော့ဘူးလား။ လွှတ်တော်မှာ မေးခွန်းမေးစရာမလိုတော့ဘူးလားလို့ ပြောစရာ ဖြစ်လာပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ အမြင့်ဆုံး အစည်းအဝေးလို့ခေါ်တဲ့ ပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်တိုင်ကိုယ်ကျ ကြယ်ပွင့်ပြမေးခွန်းမေးတာတာတောင် ကတိကဝတ် မဖြစ်တဲ့ အဖြေတွေရတဲ့အချိန်မှာ ဒီလိုအဆိုပြုပြီးတော့မှ တင်ပြလို့ရတယ်ဆိုရင် တော့ ကြယ်ပွင့်ပြမေးခွန်းဆိုတဲ့ နည်းဥပဒေကို မျက်ကွယ်ပြုရာရောက်တယ်လို့ ကျွန်တော် ဒီလိုယူဆပါတယ်။ မြို့နယ်စီမံကိန်းထဲပြန်ထည့်ခိုင်းတယ်။ လွှတ်တော်အစည်းအဝေးကို တင်ပြတယ်။ ဒါတွေကပါမလာပါဘူး။ ဒီလိုပြောရတာလည်းပဲ ကိုယ့်မြို့နယ် ရတာနည်းလို့ တချို့မြို့နယ်များလို့ ရတာကိုမနာလိုဝန်တိုလို့ ပြောတာမဟုတ်ပါဘူး။ သူများရလို့လည်း မုဒိတာပွားပါတယ်။ သို့သော်ခေါင်းဆောင်ဆိုတာ လက်အောက်ငယ်သားအားလုံးကို သာတူ ညီမျှ မေတ္တာထားပါမှ ခေါင်းဆောင်ပီသပါတယ်။

နောက်ပြီး မြို့နယ်အသီးသီးကို ကိုယ်စားပြုတဲ့ ကျွန်တော်တို့ မြို့နယ်က လွှတ်တော် ကိုယ်စားလှယ်တွေ အရေးမပါသလို ခံစားရပါတယ်။ နောက်ဆုံးတင်ပြလိုတာက မနေ့က (၁၈.၅.၂၀၂၀) ရက်နေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းတဲ့ ရှမ်းပြည်နယ်ဘဏ္ဍာ ရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရ အသုံးခန့်မှန်းခြေငွေစာရင်းသည် မျှတမှုမရှိ၊ ပွင့်လင်းမြင်သာမှုမရှိသော စာရင်းဖြစ်သဖြင့် ပြန်လည်စဉ်းစားသင့်ပါကြောင်း၊ တစ်နည်းလုံးဝကန့်ကွက်ပါကြောင်း တင်ပြရင်း နိဂုံးချုပ် အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ဆက်လက်ပြီး ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းဉာဏ်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၂၀)သို့ ကြွရောက်လာကြတဲ့

ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ပြည်နယ်အဖွဲ့အစည်းဝင်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ၊ ကျန်းမာကြပါစေကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ပထမဆုံးအနေနဲ့ ခုနကဆွေးနွေးသွားတဲ့ နမ့်ဆန်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း ဆွေးနွေးသွားတဲ့ အတိုင်းပါပဲ သူ့ရဲ့ ဆွေးနွေးချက်အားလုံးကို ထောက်ခံကြိုဆိုပါတယ်။ ကျွန်တော်တို့ဒီလိုပါပဲ ဘတ်ဂျက်နှစ်စဉ်နှစ်တိုင်းမှာ ဆွေးနွေးငြင်းခုံကြရင်းနဲ့ အခုအချိန်မှာဆိုလို့ရှိရင် လက်ရှိအစိုးရရဲ့ နောက်ဆုံးဘဏ္ဍာရေးနှစ် လျာထားချက်ကို ရေးဆွဲရတဲ့ အချိန်ကာလ၊ ဆွေးနွေးရတဲ့အချိန် ကာလဖြစ်ပါတယ်။

လေးစားရပါသောလွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစိုးရအဖွဲ့မှာဆိုလို့ရှိရင် ပြည်နယ်အစိုးရရဲ့ ရည်မှန်းချက်၊ မျှော်မှန်းချက်၊ မူဝါဒများကို နှစ်စဉ်နှစ်တိုင်းပဲ ပြည်နယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်နယ်တစ်ဝှမ်းတစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးတို့ အခြေခံကောင်းတွေကို ချမှတ်ပြီး ဆောင်ရွက်နေတာကို လေ့လာတွေ့ရှိရပါတယ်။ ဒါပေမဲ့ အစိုးရရဲ့ ရည်မှန်းချက်၊ မျှော်မှန်းချက်၊ မူဝါဒများကို အခြေခံပြီးတော့မှ ဘတ်ဂျက်ခွဲဝေမှုကို ၎င်းရဲ့ ရည်မှန်းချက်၊ မျှော်မှန်းချက်၊ မူဝါဒကို မူတည်ပြီးတော့ ခွဲဝေနိုင်မှသာ ၎င်းတို့ကြွေးကြော်ထားတဲ့ ရှမ်းပြည်နယ်တစ်ဝှမ်း တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာဖြစ်လာနိုင်မှာ အမှန်ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဘတ်ဂျက်ခွဲဝေချထားရေးမှာ အမြဲလိုလို ကျွန်တော်တို့ ငြင်းခုန်ပြောနေကြတာ သဘာဝကျလှပါတယ်။ ဘာကြောင့်ဆိုလို့ရှိရင် ဘတ်ဂျက်ခွဲဝေရေးမှာ ဖွံ့ဖြိုးရေးကိစ္စနဲ့ တိုက်ရိုက်ပတ်သက်နေတာပဲဖြစ်ပါတယ်။ အစိုးရက ရည်မှန်းထားတဲ့ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ အဲဒီအပေါ်မှာပဲ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေက မှီတည်ပြီးတော့မှ တောင်းဆိုငြင်းခုန်နေကြတာဖြစ်ပါတယ်။ ယခုနောက်ဆုံးဘတ်ဂျက်နှစ်တိုင်အောင် နှစ်စဉ် အစိုးရမှာဆိုလို့ရှိရင် ဝန်ကြီးရှိသော မြို့နယ်မဲဆန္ဒနယ်များကို ပိုပြီးဘတ်ဂျက်ခွဲဝေ ချထားနေတာကို နှစ်စဉ်နှစ်တိုင်း လေ့လာတွေ့ရှိရပါတယ်။ ၎င်းအပြင် ဝန်ကြီးနှင့် နီးစပ်ပြီး ဝင်ထွက်သွားလာနေတဲ့ ပဏာသင့်နေတဲ့ အချို့သော လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ မဲဆန္ဒနယ်တွေကိုလည်း ဘတ်ဂျက်ခွဲဝေရေးမှာ ပိုမိုချထားပါတယ်။

ယခု မနေ့က တင်သွင်းလိုက်တဲ့ ကိန်းဂဏန်းများကို လေ့လာခြင်းအားဖြင့် ကောင်းစွာ တွေ့ရှိရတာဖြစ်ပါတယ်။ ဥပမာအနေနဲ့ ရှင်းပြရမယ်ဆိုရင် ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ကျေးလက်လမ်းဦးစီးဌာနအနေနဲ့ စုစုပေါင်းကျပ်သန်းပေါင်း ၉,၆၈၉.၅၇ သန်း လျာထားတာကို

ကိန်းဂဏန်းအရ တွေ့ရှိရပါတယ်။ ဒီထဲမှာဆိုရင် ဖွံ့ဖြိုးမှုတော်တော်အားကောင်းနေတယ်လို့ ယူဆ ရတဲ့၊ ရှမ်းပြည်နယ်မှာ အဖွံ့ဖြိုးဆုံးလို့ ယူဆရတဲ့ တောင်ကြီးမြို့နယ်မှာ ကျပ်သန်းပေါင်း ၁,၃၅၈.၀ သန်း လျာထားတာကို တွေ့ရှိရပါတယ်။ ဒါဟာဆိုလို့ရှိရင် သူ့ရဲ့ လျာထားချက်က ရှမ်းပြည်နယ်(တောင်ပိုင်း) အားလုံးရဲ့ ၀.၁၄ ရာခိုင်နှုန်းရှိနေတာကို လေ့လာတွေ့ရှိရပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)မှာဆိုရင် ဖွံ့ဖြိုးမှုအနည်းဆုံး၊ အထူးသဖြင့် အဆင်းရဲဆုံးလို့ သတ်မှတ်ထားတဲ့ လင်းခေးခရိုင်မှာရှိတဲ့ မြို့နယ်အားလုံးတောင်မှ ကျပ်သန်းပေါင်း ၉၈၄.၆၈ သန်းပဲ လျာထားတာကို လေ့လာတွေ့ရှိရပါတယ်။ တောင်ကြီးတစ်မြို့နယ်စာ ရဲ့ ၄ပုံ ၃ပုံ လောက်ပဲ လျာထားတာကို လေ့လာတွေ့ရှိရပါတယ်။ လင်းခေးခရိုင်မှာဆိုလို့ရှိရင် ဖွံ့ဖြိုးမှု တော်တော်နိမ့်ကျပါတယ်။ မြို့နယ်မှာလည်း ကျေးလက်လမ်းကိစ္စမှာပဲ မဟုတ်ဘဲ အခြားကိစ္စ များမှာလည်း တော်တော်အားနည်းပါတယ်။ လင်းခေးခရိုင်ရတာ ရှမ်းပြည်နယ်တောင်ပိုင်းရဲ့ လျာထားတဲ့ဘတ်ဂျက် ၁% ပဲ ရှိပါတယ်။ ဖွံ့ဖြိုးမှုတော်တော်နည်းတယ်။

ထို့ကြောင့် အစိုးရရည်မှန်းထားတဲ့ ရှမ်းပြည်နယ်တစ်ဝှမ်းလုံး ဖွံ့ဖြိုးတိုးတက်မှုဆိုတာ စာရွက်ပေါ်မှာပဲ ဆက်ရှိနေအုံးမှာကို လေ့လာတွေ့ရှိရပါတယ်။ အစိုးရအနေဖြင့် သာတူညီမျှ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေမည့် Platform တစ်ခုကို ယနေ့အချိန်ထိ မတည်ဆောက်နိုင် သေးတာကို လေ့လာတွေ့ရှိရပါတယ်။ ဘတ်ဂျက်ခွဲဝေချထားရေးမှာ အစိုးရရဲ့ မျှော်မှန်းချက်၊ ရည်မှန်းချက်၊ မူဝါဒများကို အထောက်အကူပြုစေမယ့် မူဘောင်မရှိတာကိုလည်း လေ့လာ တွေ့ရှိရပါတယ်။ နောက်ဆုံးအနေနဲ့ အကြံပေးလိုတာက အစိုးရဟာ ၎င်းချမှတ်ထားသော ရည်မှန်းချက်၊ မျှော်မှန်းချက်၊ မူဝါဒများကို အခြေခံပြီး အဓိက အားစိုက်ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်များ၊ ဘတ်ဂျက်ခွဲဝေရေးစသည်တို့ကို တစ်ထပ်တည်းကျနိုင်မှသာလျှင် ၎င်းတို့ မျှော်မှန်းထားသော တစ်ပြေးညီ စီးပွားဖွံ့ဖြိုးတိုးတက်ဖို့ ပြည်နယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့ ဆိုတာ ရှိလာနိုင်မယ့်အကြောင်း အကြံပေးဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလှိုင်ခမ်းက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလှိုင်ခမ်း၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးမင်္ဂလာပါခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာကြသူများအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့်

ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့်စပ်လျဥ်း၍ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ကျွန်တော် ဦးစိုင်းလှိုင်ခမ်းက လေ့လာသုံးသပ်အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားရပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် စုစုပေါင်းလျာထားငွေမှာ ၃၃၉.၉၈ ဘီလီယံ ကျပ် (သာမန်- ၁၁၂.၆၅၇ ဘီလီယံကျပ် (၃၃%) + ငွေလုံးငွေရင်း- ၂၂၇.၃၂၃ ဘီလီယံကျပ် (၆၇%)) ဖြစ်ပါတယ်။ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ် စုစုပေါင်းဘတ်ဂျက် ၂၉၅.၉၉၅ ဘီလီယံကျပ်ထက် ၄၃.၉၈၅ ဘီလီယံ ကျပ် ပိုမိုလျာထားကြောင်း လေ့လာသိရှိရပါတယ်။ Equality အရ မြို့နယ်အလိုက် Ratio နှင့်တွက်လျှင် တစ်မြို့နယ်လျှင် ကျပ်သန်းပေါင်း ၆,၁၈၁.၄၅၅ ရသင့်ကြောင်း တွေ့ရှိရပါတယ်။ ပြည်နယ်မြို့တော်ရုံးစိုက်ရာမြို့၊ ဒုတိယပြည်နယ်အုပ်ချုပ်ရေးရုံးစိုက်ရာမြို့၊ ခရိုင်ရုံးများ ရုံးစိုက်ရာမြို့၊ မြို့နယ်ဧရိယာ၊ လူဦးရေ၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် နယ်မြေဒေသအခြေအနေအရ ရသင့်ရထိုက်သော ဘတ်ဂျက်များ ခွဲဝေပေးထားခြင်းကို ကန့်ကွက်စရာမရှိပါ။

၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ဘတ်ဂျက်များ အချိန်မီ လျာထားနိုင်ရန်အတွက် (၁၃.၅.၂၀၂၀)ရက်နေ့မှ (၁၆.၅.၂၀၂၀) ရက်နေ့ထိ လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော လွှတ်တော်ရေးရာကော်မတီများနှင့် သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံပြီး ညှိနှိုင်းတိုင်ပင်ဆွေးနွေးခြင်း Parliamentary Hearing ပြုလုပ်ခြင်းသည် ပိုမိုပွင့်လင်းပြီး လွှတ်တော်နှင့် အစိုးရ ညှိနှိုင်းတိုင်ပင်မှုရှိကြောင်း ပိုမိုပေါ်လွင်လာစေပါတယ်။ ဒီအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းရမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၉ ခုနှစ်၊ မေလ ၁၆ ရက်နေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၁၃၀/ ၂၀၁၉)အရ ရှမ်းပြည်နယ်တွင် ခရိုင် (၁၂) ခရိုင်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတိုင်း (၅)ခု၊ မြို့နယ်ပေါင်း (၅၅)မြို့နယ်၊ မြို့ပေါင်း(၃၄)မြို့ ရှိကြောင်း သိရှိရပါတယ်။ ဘဏ္ဍာရေးနှစ်အလိုက် ငွေလုံးငွေရင်းလျာထားငွေအတွင်းမှ-

(၁) ခရိုင်အလိုက် (၁.၅) % စီဖြင့် = ၁၈ %

(၂) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/တိုင်း = ၁၀ %

(၃) မြို့နယ်အလိုက် (၁) % စီဖြင့် = ၅၅ %

(၄) ပြည်နယ်မြို့တော်/ဒုတိယပြည်နယ်မြို့တော် = ၁၂ %

(၅) အစိုးရမှ စီမံခန့်ခွဲနိုင်သော အရေးပေါ်ရန်ပုံငွေ = ၅ % စီဖြင့် အခြေခံထားပြီး Equity၊ Equality၊ လူဦးရေဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသအခြေအနေအရ လိုအပ်ချက်များအပေါ် မူတည်၍ လိုတိုးပိုလျော့ ဘတ်ဂျက်ခွဲဝေချထားမည်ဆိုလျှင် အကျိုးရှိပြီးပိုမိုထိရောက်မှာဖြစ်ကြောင်း အကြံပြုဆွေးနွေးတင်ပြလိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိဂုံးချုပ်အနေဖြင့် ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်ရေးဆွဲခြင်းသည် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သက်တမ်း၏ နောက်ဆုံးနှစ်ဖြစ်သည့်အတွက် ကျွန်တော်တို့ အားလုံး၏ ရှမ်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအကျိုးအတွက် ဘတ်ဂျက်ရေးဆွဲရာတွင် မရှိမဖြစ် Parliamentary Hearing၊ လွှတ်တော်နှင့် အစိုးရ Check and Balance ရှိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ တွေ့ဆုံညှိနှိုင်းတိုင်ပင်ဆွေးနွေးမှု စသော အစဉ်အလာကောင်းများသည် လာမည့်နှစ် ၂၀၂၁ ခုနှစ်တွင် တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်နှင့် အစိုးရအဖွဲ့သစ်အတွက် ကောင်းမွန်သောစံနမူနာများအဖြစ် ကျန်ရှိမည်ဟု ယုံကြည်ကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ဆက်လက်ပြီး သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၂၀)ရဲ့ (ဒုတိယနေ့)သို့ တက်ရောက်လာကြသော ကျွန်မတို့ ရှမ်းပြည်နယ် လွှတ်တော်၏ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်နှင့် ကျွန်မရဲ့ လုပ်ဖော်ကိုင်ဖက်များဖြစ်တဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒနဲ့ဘဝတစ်ထပ်တည်းကျပါစေ။ Covid-19ဘေးမှလည်း ကင်းဝေးကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်မကတော့ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ ဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးရှင်။ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ အရအသုံးခန့်မှန်းခြေငွေစာရင်းအား ကျွန်မအနေနဲ့ အချက်(၅)ချက်ဖြင့် ဆွေးနွေးအကြံပြု လေ့လာသုံးသပ်တင်ပြသွားမှာဖြစ်ပါတယ်။

အချက်(၁)အနေနဲ့ ရှမ်းပြည်နယ်အစိုးရအနေဖြင့် One State One Township စီမံချက်ရဲ့ ရည်ရွယ်ချက် (၆)ခုနဲ့ မြို့နယ် (၁၀)မြို့နယ်မှာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကျပ်သန်း (၃၀၀၀) လျာထားတာကို စိစစ်တွေ့ရှိရပါတယ်။

ရည်ရွယ်ချက်(၁) အနေနဲ့ ရွေ့လျားဝန်ဆောင်မှုပေးခြင်း ဆိုတဲ့နေရာမှာ ဘယ်လို Mobile Service ကို ပေးမှာလည်းဆိုတာ တိကျရှင်းလင်းစွာ ဖော်ပြဖို့လိုအပ်ပါတယ်။

ရည်ရွယ်ချက်(၂)မှာ အသိပညာပေးခြင်းဆိုတဲ့ အချက်မှာလည်း ဘယ်အခန်းကဏ္ဍကို ပညာပေးမလဲ။ ပညာရေးကဏ္ဍလား။ ကျန်းမာရေးကဏ္ဍလား။ အဲ့လိုလည်း ဖော်ပြခြင်း မရှိပါဘူး။ NGO, INGO နဲ့ CSO တွေကဆိုရင် ကျွန်မတို့ အခုခေတ်မှာဆိုရင် အသိပညာပေးတယ်။ စွမ်းရည်မြင့်သင်တန်းတွေပေးတယ်။ Workshop များ၊ Forum များလည်း အများအပြား ပေးနေတာလည်း အားလုံးအသိပင်ဖြစ်ပါတယ်။

ရည်ရွယ်ချက်(၃)မှာကျတော့ မူးယစ်ဆေးဝါးကင်းစင်ရေးနှင့်စပ်လျဉ်းပြီး ဘယ်လို စီမံချက်တွေချပြီးတော့ ဘယ်လို အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုတာကိုလည်း တိတိကျကျ Plan ရေးဆွဲရန် လိုအပ်သည်ကိုလည်း အကြံပြုလိုပါတယ်။ မူးယစ်ကဏ္ဍနှင့် ပတ်သက်၍ မူးယစ်တားဆီးနှိမ်နင်းရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြန်မာ့တပ်မတော်က လည်း တာဝန်ယူဆောင်ရွက်လျက်ရှိနေတာဖြစ်တဲ့အတွက် ဆောင်ရွက်ရန် သင့်/ မသင့် စဉ်းစားဖို့ အကြံပြုလိုပါတယ်။

ရည်ရွယ်ချက်(၄)ဖြစ်တဲ့ အမှိုက်ကင်းစင်ရေး မြို့နယ်တိုင်းတွင်လည်း စည်ပင်သာယာရေးဦးစီးဌာနများထားရှိပြီး စည်ပင်မှ မဟုတ်ရင် တင်ဒါအောင်တဲ့ကုမ္ပဏီမှ ဒီအမှိုက်များကို တာဝန်ယူ၍ စနစ်တကျ ရှင်းလင်းနေပြီ ဖြစ်တဲ့အတွက်ကြောင့် ထပ်မံဆောင်ရွက်ရန် လို/ မလို ဆိုတာကိုလည်း စဉ်းစားဖို့ အကြံပြုလိုပါတယ်။

ရည်ရွယ်ချက်(၅) သန့်ရှင်းသာယာရေး ဤလုပ်ငန်းသည်လည်း မြို့နယ်စည်ပင်သာယာရေးဌာနမှ တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းဖြစ်ခြင်းကြောင့် အကယ်၍ ထပ်မံ လိုအပ်ခဲ့တယ်ဆိုရင် ရှမ်းပြည်နယ်အစိုးရအနေဖြင့် စီမံချက်ရေးဆွဲပြီးမှ စနစ်တကျ ဘယ်လို အကောင်အထည်ဖော် ဆောင်ရွက်ဖို့လိုသလဲဆိုတာကို အစိုးရမှ စည်ပင်သာယာရေးဌာနကို လမ်းညွှန်ချက်ဖြင့် ဆောင်ရွက်နိုင်တာကိုလည်း စိစစ်တွေ့ရှိရပါတယ်။

ရည်ရွယ်ချက်(၆) ရေစီးရေလာကောင်းမွန်ရေးရဲ့ ရည်ရွယ်ချက်မှာလည်း မြို့နယ်နယ်နိမိတ်အတွင်းမှာ ရေမြောင်းတွေပိတ်ဆို့နေမယ်ဆိုရင် စည်ပင်သာယာရေးနယ်နိမိတ် ဖြစ်တဲ့အတွက်ကြောင့် စည်ပင်သာယာရေးလုပ်ငန်းသာဖြစ်ပါတယ်။ လယ်ယာနယ်နိမိတ်အတွင်း

ရှိမယ်ဆိုရင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဦးစီးဌာနရဲ့ တာဝန်ဖြစ်ပါတယ်။ ဒါကြောင့်မလို့ ဒီတာဝန်ကိုလည်းပဲ သူရဲ့ ထိုက်သင့်တဲ့လုပ်ငန်းတွေ၊ တာဝန်တွေ ခွဲထားပြီး ဖြစ်ပါတယ်။ ဒါကြောင့်မလို့ ဒီငွေကျပ် သန်း (၃,၀၀၀)ကို အမှန်တကယ် ပြည်သူလူထု၏ အကျိုးစီးပွားကို တိုက်ရိုက်အကျိုးပြုမည့် လုပ်ငန်းတွင်သာ သုံးစွဲသင့်ကြောင်း အကြံပြုတင်ပြလိုပါတယ်။

အချက်(၂)အနေဖြင့် Clean and Green Cities စီမံချက်တွင် မြို့နယ် (၁၅) မြို့နယ်ကို ရွေးချယ်ထားတာကိုလည်း တွေ့ရှိရပါတယ်။ ရည်ရွယ်ချက်မှာ မြို့သန့်ရှင်းသာယာလှပ၍ ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်သော ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျပ်သန်း (၇,၂၀၀) ကို လျာထားဆောင်ရွက်သွားမှာကို စိစစ်တွေ့ရှိရပါတယ်။ ရည်ရွယ်ချက် ကောင်းမွန်သော်လည်း မူလလက်ရှိ ရှမ်းပြည်နယ်အတွင်း နိုင်ငံခြားသား ခရီးသွားများ အများဆုံးစိတ်ဝင်စား၍ လာရောက်လည်ပတ်နေသည့် အင်းလေးဒေသတွင် ရေများခမ်းခြောက်နေသည်ကို Social Media တွင် တင်ထားသည်ကို အားလုံးတွေ့ရှိပြီး ဖြစ်ပါတယ်။ ယင်းကဲ့သို့ အမှန်တကယ် လိုအပ်လျက်ရှိသည့် ကျွန်မတို့ လက်လှမ်းမမီသည့် နေရာများလည်း ထပ်မံ ရှိကောင်းရှိလိမ့်မည် ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ အဲ့လိုမျိုး နေရာတွေမှာ ပိုပြီးသုံးစွဲမယ်ဆိုရင် ပို၍သင့်လျော်မည်ဖြစ်ကြောင်း အကြံပြုတင်ပြလိုပါတယ်။

အချက်(၃)အနေဖြင့် ဒုက္ခသည်များအခြေချ ရွှေ့ပြောင်းနေထိုင်ရေး၊ သဘာဝဘေး အန္တရာယ်အတွက် အရေးပေါ်ရန်ပုံငွေများ၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးအတွက် လုပ်ငန်းများဆောင်ရွက်ရန်၊ သဘာဝဘေးအန္တရာယ်ကြောင့် တောင်သူ အကျိုးစီးပွားအတွက် ဆုံးရှုံးနစ်နာမှုများကို ကုစားပေးရန် စသည့်လုပ်ငန်းများအပေါ် ရန်ပုံငွေ လျာထားတောင်းခံထားခြင်းသည် နောင်အနာဂတ်တွင် အမှန်တကယ် လိုအပ်သောကြောင့် အမြော်အမြင်ရှိရှိဖြင့် အကျိုးဖြစ်မည့်လုပ်ငန်းများကို စီမံနိုင်မည်ဖြစ်သဖြင့် ကျွန်မတို့ရဲ့ ရှမ်းပြည်နယ်အစိုးရကိုလည်း အထူးကျေးဇူးတင်ဂုဏ်ယူ ဝမ်းမြောက်မိပါတယ်။

အချက်(၄)အနေဖြင့် One Township , One Village (စံပြကျေးရွာ) (၂၀) ပေါ်ပေါက်ရေးတွင် ရှေးဟောင်းအမွေအနှစ်များရှိရာဒေသ၊ ရေရှည်ထိန်းသိမ်းနိုင်သည့်ဒေသ၊ နိုင်ငံခြားသားများကို ဆွဲဆောင်နိုင်သည့် ကုန်ထုတ်လုပ်ရာဒေသများကို စံသတ်မှတ်၍ ရွေးချယ်ဆောင်ရွက်ရန် ကျပ်သန်း (၁,၀၀၀) လျာထားရာတွင်လည်း ၎င်းစံပြကျေးရွာရွေးချယ်ရာတွင် မည်ကဲ့သို့သော Criteria များ ချမှတ်သွားမည်ကိုလည်း လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ပြီး ပွင့်လင်းမြင်သာမှု Transparency ရှိရှိ ရွေးချယ်ရန် လိုအပ်လျက်ရှိကြောင်း ဆွေးနွေးတင်ပြလိုပါတယ်။

အချက်(၅)အနေဖြင့် ကျိုင်းတုံခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ မိုင်းလား ရေပေးရေးလုပ်ငန်းအတွက် ၅၃.၇၇၅၀ သန်းနှင့် ကုန်ထုတ်လမ်းအတွက် သန်း ၃၀၊ စုစုပေါင်း ၈၃.၇၇၅၀ သန်း လျာထားသည်ကိုလည်း စိစစ်တွေ့ရှိရပါတယ်။ မိုင်းလား ဒေသဟာ ရှမ်းပြည်နယ်အတွင်းတွင် နယ်နိမိတ်အားဖြင့် ပါဝင်သော်လည်း ရွေးကောက်ပွဲ ကျင်းပ၍ မရသည့်ဒေသ၊ အစိုးရ၏ ရုံးစိုက်ရာဒေသလည်း မဟုတ်သဖြင့် ရန်ပုံငွေလျာထား ဆောင်ရွက်ပေးရန် လိုအပ်မှုမရှိကြောင်း ဆွေးနွေးတင်ပြလိုပါတယ်။ သို့သော် ရှမ်းပြည်နယ် အတွင်းတည်ရှိသောကြောင့် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရန် လိုအပ်ပါက အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးရန်ပုံငွေထဲမှ ခွဲဝေသင့်ကြောင်း အကြံပြုတင်ပြလို ပါတယ်။

အချုပ်အားဖြင့် တင်ပြရလျှင် ကျွန်မအနေနဲ့ ရေးရာကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး မဟုတ်သည့်အတွက် ဘတ်ဂျက်စိစစ်ရန်လည်း ဖိတ်ကြားခြင်းမခံရပါဘူး။ ဒီဘတ်ဂျက် ကြားနာပွဲကို တက်ရောက်ခွင့်ရတဲ့ ကိုယ်စားလှယ်တွေကျတော့ သူတို့မြို့နယ်အတွက် ထပ်ထည့်တာတွေရှိတယ်။ တစ်ခြားမြို့နယ်က လုပ်ငန်းတွေကိုဖြုတ်ပြီး သူတို့မြို့နယ်ထဲကို ထပ်ဖြည့်တာတွေ ရှိတယ်လို့ ကြားသိရပါတယ်။ ကိုယ်စားလှယ်အချင်းချင်းတောင်မှ အခွင့် ထူးခံနှင့် အပယ်ခံဆိုသည့် ခွဲခြားဆက်ဆံနေတာကိုလည်း တွေ့ရှိရပါတယ်။ အဲ့ဒါ ဘယ်သူ့ ဆီမှာ တာဝန်ရှိလည်းဆိုတာကိုလည်း ပြန်လည်စဉ်းစား ဆင်ခြင်သုံးသပ်သင့်ပါတယ်။ ဒါပေမဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ တာဝန်ရှိတယ်လို့ ယူဆသလို ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၆ အရ “ ဥက္ကဋ္ဌသည် နည်းဥပဒေ ၁၄၅ အရ ပေးပို့သော သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်နှင့်စပ်လျဉ်း၍ လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးပြီး ရှမ်းပြည်နယ်၏ အကြံပြုချက်များကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်ထံ ပြန်လည်ပေးပို့ရမည်”ဟု ပြဋ္ဌာန်းထား သောကြောင့်ဖြစ်ပါတယ်။ ကျွန်မအတွက် နေ့တစ်ဝက်သာ စိစစ်ခွင့်ရရှိတဲ့အတွက် ဆွေးနွေး အကြံပြု တင်ပြချက်များမှာ ပြည့်စုံလုံလောက်မှုရှိမည်မဟုတ်ကြောင်း တင်ပြလိုပါတယ်။ ကျွန်မသုံးသပ်ဆွေးနွေး တင်ပြခဲ့တဲ့ One State One Township အတွက် ကျပ်သန်း ၃,၀၀၀ ၊ Clean and Green Cities အတွက် ကျပ်သန်း ၇,၂၀၀၊ စုစုပေါင်း ကျပ်သန်း ၁၀,၂၀၀ကို လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့်ဒေသနှင့် တံတားမရှိဘဲ ချောင်းကိုဖြတ်ကူးပြီး သွားလာ နေသည့်ဒေသအတွက် လမ်း၊ တံတားများ ဆောက်လုပ်ပေးမည်ဆိုပါက တံတား (၅) စင်း၊ (၆) စင်းထက်မနည်း ဆောက်လုပ်နိုင်မှာဖြစ်တဲ့အတွက်ကြောင့် ပြည်သူများကို တိုက်ရိုက်အကျိုး ပြုမှာဖြစ်ပြီး နိုင်ငံသားများရဲ့ ဘတ်ဂျက် (Citizen’s Budget) ကို ဖြန့်းတီးရာ မရောက်

ကြောင်းနှင့် ပြန်လည်သုံးသပ်ရန် လိုအပ်လျက်ရှိကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ (ခ) ဦးညီလေးချမ်းက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ (ခ)ဦးညီလေးချမ်း ဖြစ်ပါတယ်။

ဒီကနေ့တင်ပြဆွေးနွေးမဲ့ အကြောင်းအရာကတော့ (၁၄.၅.၂၀၂၀) မှ (၁၅.၅.၂၀၂၀) ရက်နေ့ထိ လွှတ်တော်ရဲ့ကြားနာပွဲမှာ တင်ပြခဲ့တဲ့အချက်အလက်နဲ့ (၁၆.၅.၂၀၂၀) မှာ ညှိနှိုင်းမှုနဲ့ပတ်သက်ပြီး ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဌာန(၅)ခု၏ ပြင်ဆင်ချက်များနှင့် ပတ်သက်ပြီး ပြောရမယ်ဆိုရင် “ခနေ” ခေါင်းစဉ် အပိုဒ်ခွဲ(၁)မှာ ဒုတိယညွှန်ကြားရေးမှူးနေအိမ်၊ ကျပ်သန်း ၄၃.၂၀၀ သန်းနှင့် ဒေသခန်းမပြင်ဆင်ခြင်း ကျပ်သန်း ၇.၇၉၀ ဟု ဖော်ပြထားတာတွေ့ပါတယ်။ အဲဒီကြားနာပွဲမှာပဲ ဒုတိယညွှန်မှူး နေအိမ်နှင့် ဒေသခန်းမဆောင် ပြင်ဆင်ခြင်းကို လတ်တလော တည်ဆောက်ရန်နှင့် ပြင်ဆင်ရန်မလိုအပ်ကြောင်း၊ ရေရှားပါးတဲ့နေရာ၊ လမ်းတံတားတွေ မကောင်းတဲ့နေရာတွေမှာ ပံ့ပိုးကူညီပေးပို့တင်ပြဆွေးနွေးခဲ့ပေမဲ့ တင်ပြဆွေးနွေးချက်တွေကို ပြင်ဆင်ထားတာမတွေ့ရပါဘူး။ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ တင်ပြချက်တွေကို တန်ဖိုးမထားတာလား၊ Don’t care လုပ်တာလား၊ ဆိုတာမေးခွန်းထုတ်စရာပေါ် ပေါက်လာပါတယ်။ ပြင်ဆင်ချက်ဆိုတဲ့ ခေါင်းစဉ်နဲ့ ပြင်ဆင်ထားတာလည်းမတွေ့ရပါဘူး။ ရေရှားပါးတဲ့နေရာမှာ ရေရအောင်လုပ်ဖို့နဲ့ လမ်းတံတားမကောင်းတဲ့နေရာမှာ လမ်းတံတားတွေလုပ်ဖို့က အဓိကလား၊ သာမညလားဆိုတာ ခွဲခြားသိမြင်ဖို့လည်းလိုပါတယ်။ ဒုတိယညွှန်ကြားရေးမှူး နေမည့်နေအိမ်၊ ဒေသခန်းမပြင်ဆင်ဖို့ဆိုတာကလည်း အဓိကလား၊ သာမညလားဆိုတာ ခွဲခြားတွေးခေါ်သိမြင်တတ်ဖို့လိုပါတယ်။

ပင်းတယမှာ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဝန်ထမ်းအိမ်ရာမှာလည်း ဒုတိယညွှန်ကြားရေးမှူးများ နေလို့ရပါတယ်။ ဒီအခွင့်အရေးကို တကယ်လိုချင်တယ်ဆိုလည်း RE မှာ

တင်ပြတောင်းခံဖို့လိုပါတယ်။ ဒါကြောင့် ရေရရှိရေး၊ လမ်းတံတားတွေကောင်းဖို့အတွက် အဓိကဖြစ်သင့်တဲ့ ငွေကျပ် သန်း ၅၀.၉၉ ကို ရေရရှိရေး၊ လမ်းတံတား တည်ဆောက်ရေး တွေမှာ ခွဲဝေအသုံးချဖို့ အကြံပြု တင်ပြဆွေးနွေးလိုပါတယ်။

ဆက်လက်တင်ပြလိုတာကတော့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အသက်ဟာ အများပြည်သူတွေပေးအပ်တဲ့ တာဝန်ပါ။ ဝန်ထမ်းတွေရဲ့ အသက်ဟာလည်း အများပြည်သူ တွေပေးအပ်တဲ့ တာဝန်ပါ။ ဒါကြောင့် အားလုံးရဲ့အသက်ဟာ အများပြည်သူတွေဖြစ်တဲ့ အတွက် အများပြည်သူနဲ့ဆိုင်တဲ့ အများပြည်သူတွေလိုအပ်တဲ့ ရေရရှိရေး၊ လမ်းတံတားတွေကို ပြုလုပ်ပေးရမှာ အဓိကဦးစားပေးဖြစ်ပါတယ်။

ပြည်နယ်ဘတ်ဂျက်နှင့် ပတ်သက်လာရင် သက်ဆိုင်ရာ ထွေ/အုပ်တွေက လွှတ်တော် ကိုယ်စားလှယ်တွေနဲ့ဆွေးနွေးရမှာပါ။ ပြီးတော့ ပြည်ထောင်စုဘတ်ဂျက်နဲ့ ပတ်သက်လာရင် လည်း လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ဆွေးနွေးရမှာဖြစ်ပါတယ်။ ယခုအခါ မဆွေးနွေးဘဲ အဆင့်ဆင့်ကိုတင်ပြတယ်။ အထက်အဆင့်ဆင့်ကလည်း လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ သဘောထားကို ပြန်မေးတာမရှိပါဘူး။ ပြန်လည်စိစစ်တာမရှိပါဘူး။ ဒါဟာကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေကို တန်ဖိုးမထားရာ ရောက်ပါတယ်။ ဒါကြောင့် ဒီမေးခွန်းတွေ မေးဖို့လိုအပ်လာခြင်းဖြစ်ပါတယ်။

ဒါကြောင့် အများပြည်သူနဲ့ တိုက်ရိုက်ပတ်သက်တဲ့အတွက် အဆိုပါ ကျပ်သန်း ၅၀.၉၉ ဟာ အများပြည်သူရေရရှိရေး သို့မဟုတ် လမ်းတံတား ပြုပြင်တည်ဆောက်ရေးမှာ သုံးပါလို့ အကြံပြုတင်ပြလိုပါတယ်။

ဒါ့အပြင် အခြား (၄) ခေါင်းစဉ်မှာ တစ်မြို့နယ်တွင် ကျေးရွာ (၃)ရွာ ရွေးချယ်၍ နှစ် (၃၀)ဂရန် ထုတ်ပေးနိုင်ရေးအတွက် ငွေကျပ် ၃၃၁.၉၀၂ သန်း တောင်းခံထားတာ တွေ့ရပါတယ်။ အဲ့ဒီမှာ မြို့နယ်(၄၉)မြို့နယ်ပါရှိပြီးတော့ ပင်းတယမြို့နယ် မပါပါဘူး။ ကြားနာပွဲမှာလည်း ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ ပြင်ဆင်ဖို့ပြောပေမဲ့လည်း ဒီကနေ့ ပြင်ဆင်မှုမှာ တွေ့မြင်ရခြင်း မရှိပါဘူး။ တကယ်ဆိုရင် တစ်မြို့နယ်ထဲ ကျန်နေတာကို သက်ဆိုင်ရာ ဝန်ကြီးဌာနတွေက ပင်းတယမြို့နယ်ကို ဘာကြောင့်မတင်ပြနိုင်ရတာလည်း မေးခွန်းထုတ်ရမှာ ဖြစ်ပါတယ်။ မထုတ်ဘဲနဲ့ ခုလိုလွှတ်တော်ကို တင်ပြလာခြင်းဟာလည်း အင်မတန် လွဲမှားချွတ်ချော်နေ တယ်လို့ ကျွန်တော်ပြောပြလိုပါတယ်။

ဒါ့အပြင် အားကစားနှင့်ပတ်သက်ပြီး ပြောရမယ်ဆိုရင် ကျုံးကျေးရွာ ဘောလုံးကွင်း၊ မိုင်းအင်ကျေးရွာ ဘောလုံးကွင်းဖော်ထုတ်ဖို့ ညွှန်ကြားရေးမှူးကို တင်ပြပြောဆိုခဲ့ပေမဲ့လည်း ပြင်ဆင်ချက်တွင် ပါရှိတာ မတွေ့ရှိပါဘူး။

ဒါကြောင့် ကျွန်တော့်အနေဖြင့် နောက်ဆုံး နိဂုံးချုပ်ပြောကြားလိုတာက လူအချင်းချင်းကို စောင့်ကြည့်ခြင်းဖြစ်တဲ့အတွက် ပြည်သူအတွက် ပြည်သူ့ဘတ်ဂျက်ကို အဓိက လိုအပ်တဲ့နေရာတွေမှာ အဂတိတရား (၄)ပါး ကင်းရှင်းစွာဖြင့် ဦးစားပေးလုပ်ပေးဖို့ အကြံပြု တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလင်းမြတ်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်တကွ တက်ရောက်လာကြသော လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့် အနေနဲ့တော့ အခြားလွှတ်တော်ကိုယ်စားလှယ်များ ပြည့်ပြည့်စုံစုံဆွေးနွေးသွားပြီဖြစ်တဲ့ အတွက် ကဏ္ဍတစ်ခုကိုပဲ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ရန်လျာထားသည့် ကျေးလက် ကုန်ထုတ် လမ်း၊ တံတားနှင့် ရေပေးရေးလုပ်ငန်းကဏ္ဍကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်မှာရှိသည့် (၅၂)မြို့နယ်ရဲ့ လုပ်ငန်းအဆိုပြုလျာထားချက်များကို ပြုစုလေ့လာကြည့်သည့်အခါ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များလည်း သိရှိ သွားအောင် အနည်းငယ် တင်ပြလိုပါတယ်။

တောင်ကြီးမြို့နယ်အနေဖြင့် လုပ်ငန်း (၆)ခု ငွေကြေးပမာဏ ငွေကျပ် ၃၆၂ သန်းကျော်၊ ကလောမြို့နယ်အနေဖြင့် လုပ်ငန်း (၁၃)ခု ငွေကျပ် ၁၈၆ သန်းကျော်၊ ညောင်ရွှေမြို့နယ် အနေဖြင့် လုပ်ငန်း (၂)ခု ငွေကျပ် ၈၆ သန်းကျော်၊ ရပ်စောက်မြို့နယ်အနေဖြင့် လုပ်ငန်း (၁၉)ခု ငွေကျပ် ၅၃၅ သန်းကျော်၊ ဖယ်ခုံမြို့နယ်အနေဖြင့် လုပ်ငန်း (၅)ခု ငွေကျပ် ၁၃၁ သန်းကျော်၊ လွိုင်လင်မြို့နယ် လုပ်ငန်း (၆)ခု ငွေကျပ် ၈၂ သန်းကျော်၊ လဲချားမြို့နယ် လုပ်ငန်း (၅)ခု ငွေကျပ် ၁၅၆ သန်းကျော်၊ မိုင်းကိုင်မြို့နယ် လုပ်ငန်း(၃)ခု ငွေကျပ် ၁၆၄ သန်းကျော်၊ ကျေးသီး မြို့နယ်လုပ်ငန်း(၃)ခု ငွေကျပ် ၈၅ သန်းကျော်၊ မိုင်းရှူးမြို့နယ် လုပ်ငန်း(၄)ခု ငွေကျပ် ၈၁ သန်း ကျော်၊ ကွန်ဟိန်းမြို့နယ်လုပ်ငန်း(၆)ခု ငွေကျပ် ၁၉၉ သန်းကျော်၊ နမ့်စန်မြို့နယ်လုပ်ငန်း(၈)ခု ငွေကျပ် ၄၉၁ သန်းကျော်၊ လင်းခေးမြို့နယ်လုပ်ငန်း(၆)ခု ငွေကျပ် ၁၃၁ သန်းကျော်၊ မိုးနဲမြို့နယ်လုပ်ငန်း(၅)ခု ငွေကျပ် ၇၁ သန်းကျော်၊ မိုင်းပန်မြို့နယ်လုပ်ငန်း(၃)ခု ငွေကျပ် ၂၈ သန်းကျော်၊ မောက်မယ်မြို့နယ်လုပ်ငန်း(၇)ခု ငွေကျပ် ၃၄၇ သန်းကျော်၊ လားရှိုးမြို့နယ် လုပ်ငန်း(၇)ခု ငွေကျပ် ၁၀၉ သန်းကျော်၊ သိန္နီမြို့နယ်လုပ်ငန်း(၅)ခု ငွေကျပ်သန်း ၁၆၀ ကျော်၊

တန့်ယန်းမြို့နယ်လုပ်ငန်း(၆)ခု ငွေကျပ် ၉၆ သန်းကျော်၊ မိုင်းရယ်မြို့နယ်လုပ်ငန်း(၅)ခု ငွေကျပ်သန်း ၆၀၊ ကွမ်းလုံမြို့နယ်လုပ်ငန်း(၇)ခု ငွေကျပ် ၁၂၉ သန်းကျော်၊ ကျောက်မဲမြို့နယ်လုပ်ငန်း(၅)ခု ငွေကျပ် ၁၇၉ သန်းကျော်၊ သီပေါမြို့နယ်လုပ်ငန်း(၉)ခု ငွေကျပ် ၂၅၄ သန်းကျော်၊ နောင်ချိုမြို့နယ်လုပ်ငန်း(၇)ခု ငွေကျပ် ၉၂ သန်းကျော်၊ နမ္မတူမြို့နယ်လုပ်ငန်း(၅)ခု ငွေကျပ် ၁၇၇ သန်းကျော်၊ မူဆယ်မြို့နယ်လုပ်ငန်း(၅)ခု ငွေကျပ် ၉၁ သန်း၊ ကွတ်ခိုင်မြို့နယ်လုပ်ငန်း (၄)ခု ငွေကျပ် ၁၈၁ သန်း၊ မိုးမိတ်မြို့နယ်လုပ်ငန်း(၇)ခု ငွေကျပ် ၂၀၃ သန်း၊ နမ့်ခမ်းမြို့နယ်လုပ်ငန်း(၂)ခု ငွေကျပ် ၈၇ သန်း၊ မဘိမ်းမြို့နယ်လုပ်ငန်း(၄)ခု ငွေကျပ် ၁၆၉ သန်းကျော်၊ ကျိုင်းတုံမြို့လုပ်ငန်း(၃)ခု ငွေကျပ် ၃၆၇ သန်းကျော်၊ မိုင်းခတ်မြို့နယ်လုပ်ငန်း(၅)ခု ငွေကျပ် ၁၇၄ သန်းကျော်၊ မိုင်းပျဉ်းမြို့နယ်လုပ်ငန်း(၄)ခု ငွေကျပ် ၁၀၃ သန်းကျော်၊ မိုင်းယန်းမြို့နယ်လုပ်ငန်း(၁)ခု ငွေကျပ်သန်း ၃၀ ကျော်၊ မိုင်းလားမြို့နယ်လုပ်ငန်း(၃)ခု ငွေကျပ် ၈၃ သန်းကျော်၊ တာချီလိတ်မြို့နယ်လုပ်ငန်း(၄)ခု ငွေကျပ် ၈၈ သန်းကျော်၊ မိုင်းဖြတ်မြို့နယ်လုပ်ငန်း(၃)ခု ငွေကျပ် ၁၀၉ သန်းကျော်၊ မိုင်းယောင်းမြို့နယ်လုပ်ငန်း(၄)ခု ငွေကျပ် ၁၄၄ သန်းကျော်၊ မိုင်းဆတ်မြို့နယ်လုပ်ငန်း(၅)ခု ငွေကျပ် ၁၁၆ သန်းကျော်၊ မိုင်းတုံမြို့နယ်လုပ်ငန်း (၃)ခု ငွေကျပ် ၁၀၃ သန်းကျော်၊ ဟိုပုံးမြို့နယ်လုပ်ငန်း(၄)ခု ငွေကျပ် ၁၁၅ သန်းကျော်၊ ပင်လောင်းမြို့နယ်လုပ်ငန်း(၁၅)ခု ငွေကျပ်သန်း ၂၀၀ ကျော်၊ ဆီဆိုင်မြို့နယ်လုပ်ငန်း(၆)ခု ငွေကျပ် ၁၃၄ သန်းကျော်၊ ပင်းတယမြို့နယ်လုပ်ငန်း(၁၂)ခု ငွေကျပ် ၁၃၅ သန်းကျော်၊ နမ့်ဆန်မြို့နယ်လုပ်ငန်း(၄)ခု ငွေကျပ် ၇၅ သန်းကျော်၊ မန်တုံမြို့နယ် လုပ်ငန်း(၄)ခု ငွေကျပ် ၂၀၆ သန်းကျော်၊ ရွာငံမြို့နယ် လုပ်ငန်း(၂)ခု ငွေကျပ် ၁၆၈ သန်း၊ လောက်ကိုင်မြို့နယ်လုပ်ငန်း (၃)ခု ငွေကျပ်သန်း ၇၀ ကျော်၊ ကုန်းကြမ်းမြို့နယ်လုပ်ငန်း(၄)ခု ငွေကျပ် ၁၅၂ သန်းကျော်နှင့် မိုင်းမောမြို့နယ်လုပ်ငန်း(၂)ခု ငွေကျပ်သန်း ၁၀၀ ကျော်၊ မက်မန်းမြို့နယ်လုပ်ငန်း(၄)ခု ငွေကျပ် ၉၆ သန်း၊ ဟိုပန်မြို့နယ်လုပ်ငန်း(၃)ခု ငွေကျပ် ၁၂၈ သန်း တို့အသီးသီး ဖြစ်ကြပါတယ်။ လုပ်ငန်းအများဆုံးနဲ့ ငွေကြေးပမာဏအများဆုံး မြို့နယ်ကိုတင်ပြရမယ်ဆိုလျှင် ရပ်စောက်မြို့နယ်ဖြစ်ပါတယ်။ ရပ်စောက်မြို့နယ်သည် ငွေကျပ် ၅၃၅.၂၇၃ သန်းဖြင့် ငွေကြေးပမာဏအများဆုံး ဖြစ်ပါတယ်။ ဒုတိယအနေနဲ့ နမ့်စန်မြို့နယ်သည်လုပ်ငန်း (၈)ခုဖြစ်ပြီး ငွေကျပ် ၄၉၁.၃၇ သန်း ဖြစ်ပါတယ်။ ကျိုင်းတုံမြို့နယ်အနေနဲ့ လုပ်ငန်း (၃)ခုဖြစ်ပြီး ငွေကျပ် ၃၆၇.၃၀၅ သန်းဖြစ်ပါတယ်။ တောင်ကြီးမြို့နယ်အနေနဲ့ လုပ်ငန်း(၆)ခုဖြစ်ပြီး ငွေကျပ် ၃၆၂.၆၉၅ သန်းနှင့် မောက်မယ်မြို့နယ်အနေနဲ့ လုပ်ငန်း(၇)ခုဖြစ်ပြီး ငွေကျပ် ၃၄၇.၉၉၂ သန်းဖြစ်ပါတယ်။

အနည်းဆုံးမြို့များကတော့ မိုင်းယန်းမြို့နယ်လုပ်ငန်း(၁)ခုဖြစ်ပြီး ငွေကျပ်သန်း ၃၀၊ မိုင်းပန်မြို့နယ်လုပ်ငန်း(၃)ခု ငွေကျပ် ၂၈ သန်း၊ မိုင်းရယ်မြို့နယ် လုပ်ငန်း (၅)ခု ငွေကျပ်သန်း

၆၀ ၊ မိုးနဲမြို့နယ်လုပ်ငန်း(၅)ခု ငွေကျပ် ၇၁ သန်း၊ နမ့်ဆန်မြို့နယ်လုပ်ငန်း(၄)ခု ငွေကျပ်သန်း ၇၅.၀၂ သန်းတို့ ဖြစ်ပါတယ်။

ကျွန်တော်တို့ပြန်ပြီး လေ့လာသုံးသပ်ရမည်ဆိုလျှင် လွိုင်လင်၊ ကျေးသီး၊ မိုင်းရှူး၊ မိုးနဲ၊ မိုင်းပန်၊ မိုင်းရယ်၊ နမ့်စန်၊ မိုင်းယန်း(၈)မြို့နယ်လုံးကိုပေါင်း၍ လုပ်ငန်းပေါင်းအားလုံး (၃၁)ခုနှင့် ငွေကြေးပမာဏကို ပြန်လည်၍လေ့လာသုံးသပ်သည့်အခါမှာ စုစုပေါင်း(၈)မြို့နယ် အတွက် ငွေကျပ် ၅၁၄.၃၉၁ သန်းဖြင့်လျာထားတာကို တွေ့ရှိရပါတယ်။ ၎င်း(၈)မြို့နယ်ပေါင်း ရဲ့ လျာထားချက်သည် ရပ်စောက်(၁)မြို့နယ်ရဲ့ လုပ်ငန်း(၁၉)ခုနဲ့ လျာထားသည့် ငွေကျပ် သန်းပေါင်း ၅၃၅.၂၇၃ သန်းနှင့် ပြည့်မီခြင်းမရှိသည်ကို တွေ့ရှိရပါတယ်။

ကျွန်တော့်အနေဖြင့် ဆွေးနွေးတင်ပြလိုတာက ဒီလိုဘတ်ဂျက်တွေ ခွဲဝေလျာထားတဲ့ အခါမှာ ဘယ်လို Criteria များဖြင့် ခွဲဝေပါသလဲ။ ရပ်စောက်မြို့နယ်က ဘာဖြစ်လို့ချွန်ထွက်ပြီး ဒီလိုမျိုးဖြစ်နေရပါသလဲလို့ ကျွန်တော်မေးခွန်းထုတ်စရာရှိပါတယ်။ ဒါတွေက တန်းတူညီမျှမှု၊ သာတူညီမျှမှုမရှိဘဲ အလွန်တစ်ရာကွာဟနေတာတွေ့ရှိရပါတယ်။ မနေ့တနေ့က ကြားနာပွဲမှာ ပြည်နယ်အဆင့်တာဝန်ရှိသူတစ်ဦးက အောက်ခြေကမြို့နယ်များမှ လုပ်ငန်းတွေမတင် လာလို့၊ မတက်လာလို့ဆိုပြီး ဖြေရှင်းချက်ကို ကြားသိရပါတယ်။

ကျွန်တော်လေ့လာသိရှိရတာက တကယ်ဖြစ်နေတာကတော့ ပြည်နယ်အဆင့် စီမံ အုပ်ချုပ် ဆုံးဖြတ်ခွင့်ရှိသူတွေဟာ သက်ဆိုင်ရာ မြို့နယ်တွေဆီကို ဒီနှစ်အတွက် “မင်းတို့ မြို့နယ်ကဒီလောက်ဘတ်ဂျက်နဲ့ရအောင်ဆွဲပါ” ဆိုတာမျိုး ညွှန်ကြားတယ်။ ဘတ်ဂျက်ကို ကန့်သတ်ပေးတယ် ဆိုတာကိုသိရှိရပါတယ်။

ဌာနရဲ့ ပြည်နယ်အဆင့်တာဝန်ရှိသူတစ်ဦးက မြို့နယ်တစ်ခုရဲ့ နိုင်ငံရေးပါတီတစ်ခုက ပြည်သူကိုယ်စားပြုဆိုပြီး တင်ပြတောင်းခံလာမှုကို အရေးတယူပြု ဆောင်ရွက်ထားတာမျိုးကို တွေ့ရှိရပါတယ်။ သိရှိရပါတယ်။ မြို့နယ်အုပ်ချုပ်ရေးမှူး၊ တည်ဆောက်ရေးလုပ်ငန်းများစိစစ် ရေးကော်မတီ၊ စီမံကိန်း၊ လွှတ်တော်ကိုယ်စားလှယ်တွေရှိနေပါလျက် ပုဂ္ဂိုလ်ရေးတောင်းခံလာ မှုဆိုတာမျိုးကို ကျော်လွန်ပြီး လုပ်ဆောင်နေတာကို တွေ့ရှိရပါတယ်။ ဒီလိုမျိုး တောင်းတဲ့ လူတိုင်းကို ပေးရမယ်ဆိုရင် ဒါဟာလည်း အစဉ်အလာတစ်ခုအဖြစ် ဖြစ်သွားနိုင်ပါတယ်။

ကျွန်တော့်အနေနဲ့ နိဂုံးချုပ်ဆွေးနွေးချင်တာကတော့ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ရန် လျာထားသည့် ကျေးလက်ကုန်ထုတ် လမ်း၊ တံတားနှင့် ရေပေးဝေရေးလုပ်ငန်းများ ခေါင်းစဉ်ပါ ဘတ်ဂျက်ခွဲဝေမှုသည် မျှတမှုလုံးဝမရှိ

သည့်အတွက် ကျွန်တော်ကန့်ကွက်ပါကြောင်းနှင့် ပြန်လည်သုံးသပ်ပြင်ဆင်သင့်ပါကြောင်း ဆွေးနွေးရင်းနိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ဆက်လက်ပြီး ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းစိုး က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအေးမင်းစိုး၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားရပါသော ရှမ်းပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်တရား လွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်နှင့် အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ကျ လွှတ်တော်ဝန်ထမ်းများအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းစိုး ဖြစ်ပါတယ်။ ယနေ့ ကျွန်တော့် အနေဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ အရအသုံးခန့်မှန်းခြေငွေစာရင်းအား လေ့လာသုံးသပ်အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားရပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အနေ ဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီး ဌာန၊ အခြားအကြောင်းအရာများကို အနည်းငယ် ရှင်းလင်းသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ အားကစားနှင့် ကာယပညာဦးစီးဌာနရဲ့ ပြည်နယ်ဘတ်ဂျက်ကို ဆန်းစစ် လေ့လာကြည့်မယ်ဆိုရင် ခွဲဝေမှုတွေမှာ မြို့နယ်အလိုက် မညီမျှမှုတွေရှိနေသလို မြေပြင်မှာ အမှန်တကယ် မဆန်းစစ်ဘဲ အဆင်ပြေသလို ခွဲဝေချထားမှုတွေလည်း တွေ့ရှိနေရပါတယ်။

ဥပမာ- အားကစားကွင်းမရှိသေးသည့်မြို့နယ်များကို ဦးစားပေးဆောင်ရွက်ရမည့်အစား ရှိပြီးသားမြို့နယ်တွေကိုပဲ ခွဲဝေချထားနေတာကိုတွေ့ရှိရပါတယ်။ ဘောလုံးကွင်းမရှိသေးသည့် မြို့နယ်များကို မြို့နယ်ကွင်းအဖြစ် ဦးစွာဖော်ထုတ်ပေးသင့်သလို၊ မြို့နယ်ကွင်းပြည့်စုံမှ ကျေးလက်ကွင်း စသည့်အဆင့်ဆင့် ဦးစွာလျာထားပေးသင့်ပါတယ်။ ပညာရေး ကျောင်းများ တွင်လည်း အ.ထ.ကကျောင်းများကို ဘောလုံးကွင်းများ၊ ဘတ်စကတ်ဘောကွင်းများစသည့် အားကစားနည်းများကို ဦးစွာ ဦးစားပေးသင့်ပါတယ်။ ပြီးမှ အ.လ.က၊ အ.မ.က ကျောင်းများကို ဘတ်ဂျက်နှစ်အလိုက် ခွဲဝေသင့်ပါတယ်။ ဘတ်စကတ်ဘောကွင်းများဆိုလျှင် လုံးဝမရှိသေး သည့် မြို့နယ်များရှိသလို ၃/ ၄ ကွင်းရှိသည့် မြို့နယ်များလည်း ရှိနေတာကို တွေ့ရှိရပါတယ်။ မြို့နယ်လုံးကျွတ် အ.ထ.က ကျောင်းတွေမှာ ဘတ်စကတ်ဘောကွင်းမရှိတာကို တွေ့ရသလို

အ.ထ.က ကျောင်းများတွင် မဟုတ်ဘဲ အ.မ.က၊ အ.လ.က ကျောင်းများကို ဖော်ထုတ်ပေးနေတာကိုလည်း တွေ့ရှိရပါတယ်။ ကျွန်တော့်အနေဖြင့် ကျောင်းသားဦးရေအလိုက် ကွင်းမရှိသေးသည့် အ.ထ.က ကျောင်းများကို ဦးစွာ ဦးစားပေး သင့်တယ်လို့ ထင်မြင်ယူဆမိပါတယ်။ တစ်မြို့နယ် တစ်ကွင်းနှုန်းစံပြုထားပြီး လျာထားဆောင်ရွက်သင့်ပါတယ်လို့လည်း အကြံပြုလိုပါတယ်။ ရရှိသည့်ကျောင်းများကို ကျွန်တော့်အနေနဲ့ မရစေချင်လို့ ပြောခြင်းမဟုတ်ဘဲ ခွဲဝေမှုတွေနည်းလမ်းမှန်အောင် နိုင်ငံတော်ကသတ်မှတ်သည့် ဘတ်ဂျက်ခွဲဝေလျာထားသည့်မူများနှင့်အညီဖြစ်အောင် အပြုသဘောဆောင် အကြံပြုခြင်းလည်း ဖြစ်ပါတယ်။

ဆက်လက်၍ ကျွန်တော့်အနေဖြင့် ဆွေးနွေးရမည်ဆိုလျှင် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရာတွင် ညွှန်ကြားချက်အတိုင်း သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့မိမြို့ဖ စသည်တို့က ရေးဆွဲအတည်ပြု၍ တင်ပြရမည်ဟု ညွှန်ကြားထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ မေးခွန်းမေးမြန်းရာ ပြန်လည်ဖြေကြားသည့်အခါမှာလည်း မြို့နယ်စီမံကိန်းရေးဆွဲရေးကော်မတီက အတည်ပြုရေးဆွဲလာသည့် ဦးစားပေးလျာထားချက်အပေါ်မူတည်၍ ဘဏ္ဍာငွေရရှိသည့် အပေါ်မူတည်ပြီး လျာထားဆောင်ရွက်မည်ဟု ဖြေကြားကြပါတယ်။

အမှန်တကယ် ဘတ်ဂျက်စိစစ်သည့်နေရာမှာ မြို့နယ်စီမံကိန်းရေးဆွဲသည့် အကြောင်းအရာ မပါဘဲ တခြားအကြောင်းအရာများ ပါရှိလာတာတွေ တွေ့ရှိရသည့်အတွက် အခုလိုဆောင်ရွက်ခြင်းအားဖြင့် ဌာနနှင့် လွှတ်တော်ကိုယ်စားလှယ်များကြား မဖြစ်သင့်တဲ့ ပွတ်တိုက်မှုတွေ ဖြစ်လာနိုင်ပါတယ်။ ဒါကိုလည်း စည်းကမ်းချက်နှင့်အညီ လေးစားလိုက်နာ ဆောင်ရွက်သင့်ပါတယ်။

ဘတ်ဂျက်များ လျာထားထည့်သွင်းသည့် နေရာမှာလည်း လွှတ်တော်ကိုယ်စားလှယ်များ တင်ပြတောင်းဆိုသည့် လုပ်ငန်းများ ပါဝင်မှုနည်းပါးပြီး ဝန်ကြီးခရီးစဉ်၊ ပြည်သူ့လွှတ်တော် မေးခွန်း၊ အမျိုးသားလွှတ်တော်မေးခွန်း စသည်တို့ များနေသည့်အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အရာမရောက်သလို ဖြစ်နေပါတယ်။

ပြည်ထောင်စုဘတ်ဂျက်နှင့်စာလျှင် ပြည်နယ်ဘတ်ဂျက်က နည်းပါးသည့်အတွက် ပြည်နယ်ဘတ်ဂျက်ကို လျာထားဆောင်ရွက်ရာမှာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထား ဆန္ဒကို ဦးစားပေးသင့်ပါကြောင်း အကြံပြုဆွေးနွေးတင်ပြလိုပါတယ်။ အရှေ့မှာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး တင်ပြသွားသလို ဘတ်ဂျက်ရေးဆွဲရာမှာ ဝန်ကြီးခရီးစဉ် လမ်းညွှန်ချက်များကို အလေးထားဆောင်ရွက်ထားတာကို တွေ့ရှိရပါတယ်။ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်များဟာ မိမိမြို့နယ်၊ ဒေသဖွံ့ဖြိုးရေးတောင်းဆိုရာ၌ မေးခွန်းများ

မမေးဘဲ သက်ဆိုင်ရာဝန်ကြီးများ ကျွန်တော်တို့မြို့ကို လာဖို့ အစီအစဉ် ရှိ/ မရှိ မေးမြန်းရမလို ဖြစ်နေပါတယ်။ ဝန်ကြီးများ၏ ခရီးစဉ်လမ်းညွှန်ချက်များကို ဦးစွာ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် အသိပေးဆောင်ရွက်သင့်ပါတယ်လို့လည်း အကြံပြုလိုပါတယ်။ လွှတ်တော်ကတိကဝတ်မရဘဲ ခရီးစဉ်ရဲ့ ကတိကဝတ်တွေကိုသာ ဦးစားပေးနေတဲ့အတွက် ရေရှည်မှာ ကျွန်တော်တို့ရဲ့ လွှတ်တော်ပုံရိပ်ကို ထည့်သွင်းစဉ်းစားသင့်ပါတယ်။ ဒါ့အပြင် ယာဉ်ပြင်ဆင်ထိန်းသိမ်းစရိတ်များမှာလည်း တစ်စီးကို ကျပ်သိန်း (၂၀)ဖြစ်တဲ့အတွက် သေချာဆောင်ရွက်သင့်ပါတယ်။ ဥပမာ- ယာဉ်အမျိုးအစား၊ ယာဉ်နံပါတ်၊ အမှန်တကယ် လိုအပ်/ မအပ် ၊ ပြင်/ မပြင်၊ ၎င်းယာဉ်ပြင်ဆင်ချက်တွေဟာ BE/ RE ဘတ်ဂျက်တိုင်းမှာ တင်ပြတောင်းဆိုနေတာကို တွေ့ရှိနေရပါတယ်။ မလိုအပ်လျှင် ၎င်းဘတ်ဂျက်များကို ရေရှားပါးသည့်ဒေသ သို့မဟုတ် အခြားပြည်သူလူထုလိုအပ်ချက်များကို အစားထိုးမည်ဆိုပါက ပိုမိုသင့်လျော်မည်ဟုလည်း လေ့လာသုံးသပ်မိပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ ဘတ်ဂျက်ရေးရာ တင်ပြဆွေးနွေးသည့်နေရာမှာ တစ်ချို့ဌာနဆိုင်ရာ တာဝန်ရှိသူများက ဒီလုပ်ငန်းကတော့ဖြင့် လွှတ်တော်မေးခွန်းမဟုတ်လို့၊ မေးခွန်းမေးမြန်းပြန်တော့ လုပ်ငန်းစဉ်ကို ဦးစားပေးရမှာမလို့၊ လုပ်ငန်းစဉ်ကို လျာထားဖို့ပြောတော့ လွှတ်တော်မေးခွန်းမဟုတ်လို့၊ လူကြီးခရီးစဉ်လမ်းညွှန်ချက်ရှိနေလို့ ဆိုတဲ့အဖြေတွေနဲ့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ ငါးနှစ်သက်တမ်း ပြည့်တော့မှာ ဖြစ်ပါတယ်။ လမ်းညွှန်ချက်အတိုင်း တိတိကျကျ ပိုမိုဆောင်ရွက်ဖို့လည်း အကြံပြုလိုပါတယ်။ ဒါ့အပြင် မဲဆန္ဒနယ်အလိုက် ခွဲဝေမှုတွေမျှတဖို့လည်း ထည့်သွင်းစဉ်းစားအကြံပြုလိုပါတယ်။ ယခုဆွေးနွေးမှုအားလုံးဟာ အပြုသဘောဆောင်ဆွေးနွေးမှုပဲ ဖြစ်ပါတယ်။ တစ်စုံတစ်ရာထိခိုက်နစ်နာစေဆိုတဲ့ ဆန္ဒမျိုးမရှိပါဘူး။ နောင်အစိုးရသက်တမ်းတွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ ပွတ်တိုက်မှု နည်းပါးအောင် ကျွန်တော်တို့ ပြည်နယ်တန်းတူညီမျှ ဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှုပြီး ကျွန်တော့်အနေဖြင့် လက်လှမ်းမီသလောက် အကြံပြုဆွေးနွေးရင်း နိဂုံးချုပ် အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ဆက်လက်ပြီး ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်တကွ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်

ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၂၀)မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတင်သွင်းလာတဲ့ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေ ငွေစာရင်းနှင့်စပ်လျဉ်းပြီး ပြီးခဲ့တဲ့ ဘဏ္ဍာနှစ်များအပေါ် လျာထားချက်၊ ဆောင်ရွက်ချက်များ ကို လေ့လာသုံးသပ်အကြံပြုဖြည့်စွက် ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် မှာဆိုရင် စီးပွားရေးမူဝါဒ၊ ရည်မှန်းချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင် ဖို့ဆိုတာ မိမိပြည်နယ်မှာ ရရှိရမယ့်အခွန်အကောက်များကို ပြည့်မီစွာ ရရှိအောင် ကောက်ခံနိုင် ဖို့ဆိုတဲ့ အချက်ကလည်း အဓိကအချက်အနေဖြင့် ပါဝင်နေတာကို တွေ့ရှိရပါတယ်။ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေမှာပါဝင်တဲ့ ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၈- ၂၀၁၉ ခု၊ အခွန် အကောက်ရငွေ ခန့်မှန်းခြေစာရင်း၊ ၂၀၁၉- ၂၀၂၀ ခု၊ အခွန်အကောက်ရငွေ ခန့်မှန်းခြေစာရင်း၊ ၂၀၂၀- ၂၀၂၁ ခု၊ အခွန်အကောက်ရငွေ ခန့်မှန်ခြေစာရင်းများကို လေ့လာနှိုင်းယှဉ် သုံးသပ် ကြည့်တဲ့အခါ တစ်နှစ်ပြီးတစ်နှစ် တိုးပြီး အခွန်အကောက်လျာထားချက်ကို တွေ့ရှိနိုင်တာ လည်းဖြစ်သလို ဒီလိုလျာထားချက်တွေရမှလည်း ပြည်နယ်ရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း လျာထားချက်အတိုင်း ပိုမိုစွာ ဖြည့်စွက်ဆောင်ရွက်နိုင်မှာလည်း ဖြစ်ပါတယ်။

ထိုနည်းတူပဲ ၂၀၁၈- ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် အသုံးစရိတ်ကို ကြည့်မယ်ဆိုရင်လည်း သာဓကအနေဖြင့် အနီးဆုံးဘတ်ဂျက်ဖြစ်သည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အခွန်အကောက် ရငွေ ခန့်မှန်းခြေငွေစာရင်းမှာ ကျပ်သန်းပေါင်း ၄၅,၃၀၅.၀၇၉ သန်း တွေ့ရှိရပြီး အသုံးစရိတ်မှာ ကျပ်သန်းပေါင်း ၂၉၅,၉၉၅.၄၆၆ သန်း တွေ့ရှိရတာဖြစ်ပါတယ်။ ၂၀၂၀- ၂၀၂၁ ခုနှစ်၊ အခွန် အကောက်ရငွေ ခန့်မှန်းခြေငွေစာရင်းမှာ ကျပ်သန်းပေါင်း ၅၇,၉၃၄.၅၅၉ သန်းဖြစ်ပြီး အသုံး စရိတ်မှာ ကျပ် ၃၃၉,၉၈၀.၃၃၆ သန်း လျာထားတာကိုလည်းတွေ့ရှိရပါတယ်။ ထိုနည်းငှင်း ပြည်ထောင်စုမှ ထောက်ပံ့ရန်ပုံငွေများကို လေ့လာကြည့်တဲ့အခါမှာ လည်း ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာနှစ်၊ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာနှစ်၊ ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာနှစ်များမှာလည်း တစ်နှစ်ပြီး တစ်နှစ် ဘီလီယံကျော်တွေချီပြီး တိုးပြီးမှ ထောက်ပံ့ငွေရရှိလာတာကိုလည်း တွေ့ရှိရပါတယ်။ ဒီကိန်းဂဏန်းအချက်တွေဟာ ရှမ်းပြည်နယ်စီးပွားရေး GDP လို့ခေါ်တဲ့ ဒေသတစ်ခု၏ နှစ်တစ်နှစ်အတွင်းထုတ်လုပ်သည့် ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ စုစုပေါင်း တန်ဖိုး GDP ဟာ ဒေသတစ်ခုရဲ့ စီးပွားရေးအရွယ်အစားနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ညွှန်ပြတယ်ဆိုတဲ့အတိုင်းပဲ ကိန်းဂဏန်းညွှန်ပြချက်များအရဆိုလျှင် ရှမ်းပြည်နယ်စီးပွားရေး တိုးတက်နေမှုဟာ တစ်နှစ် ထက်တစ်နှစ် တိုးတက်လာတယ်လို့လည်း ကိန်းဂဏန်းများအရ တွေ့ရှိရပါတယ်။ ထိုသို့

တိုးတက်ရရှိမှု ပြည်ထောင်စုထောက်ပံ့ရန်ပုံငွေရဲ့ ထောက်ပံ့မှု ပိုမိုရရှိလာတဲ့အချက်ဟာလည်း စီးပွားရေးတိုးတက်လာတဲ့ ကိန်းဂဏန်း GDP ပေါ်မှာ မူတည်သည်ဆိုသည့်အတွက်လည်းပဲ ပြည်နယ်မှာရှိတဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း အကျိုးပြုလုပ်ငန်းများ၊ စီးပွားရေး အခြေခံကောင်းများကိုလည်း ပိုမိုလုပ်ဆောင်လာနိုင်တာကိုတွေ့ရှိရတာဖြစ်ပါတယ်။ ပြည်နယ် ဘဏ္ဍာရန်ပုံငွေအနေဖြင့် ပြည်ထောင်စုထောက်ပံ့ငွေနှင့် မိမိပြည်နယ်ရဲ့ ရငွေအပေါ် မူတည်ပြီး အသုံးစရိတ်ကို ခန့်မှန်းရေးဆွဲရတာဖြစ်တဲ့အတွက် ပြည်နယ်မှာကောက်ခံရရှိရမယ့် အခွန်အခ များကိုလည်း သက်ဆိုင်ရာ ဌာန/ အဖွဲ့အစည်းများမှ လျာထားချက်နှင့် ပြည့်မီစွာ ကြပ်ကြပ် မတ်မတ်ကောက်ခံရရှိနိုင်ဖို့လည်း အထူးပဲလိုအပ်လှတာဖြစ်ပါတယ်။ ပြည်နယ်အတွင်းဒေသ များအကြား ဘက်ညီမျှစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးအခြေခံကောင်းများ လုပ်ဆောင်နိုင်ဖို့ဆိုတဲ့ အချက်ဟာလည်း ရှမ်းပြည်နယ်အတွင်း နယ်မြေဒေသ တည်ငြိမ် အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအချက်အပေါ်မှာလည်း မူတည်တယ်ဆိုတဲ့အချက် ကိုလည်း အားလုံးသိထားဖို့လိုအပ်ပါတယ်။ ရှမ်းပြည်နယ်အတွင်း ဘဏ္ဍာရန်ပုံငွေတွင်ပါဝင် သည့် ဌာန/ အဖွဲ့အစည်းများ၏ ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် များကို လေ့လာကြည့်တဲ့အခါမှာ ဆောက်လုပ်ရေးကဏ္ဍတွင် အများဆုံးသုံးစွဲမှာကို တွေ့ရှိရမှာ ဖြစ်သလို ဆောက်လုပ်ရေးလုပ်ငန်းအတွက် မရှိမဖြစ်လိုအပ်တဲ့ အခြေခံကုန်ကြမ်းပစ္စည်းခေါ် တဲ့ ဓာတ်သတ္တုပစ္စည်းခွန်၊ မြေယာပေါ်မှာ ကောက်ခံတဲ့အခွန်တွေဟာလည်း ရှမ်းပြည်နယ်ရဲ့ ကောက်ခံပိုင်ခွင့်ရှိတဲ့ ပြည်နယ်ရန်ပုံငွေရရှိမည့် ခန့်မှန်းလျာထားတဲ့အတိုင်း ကောက်ခံနိုင်ဖို့ လည်း လိုအပ်မှာဖြစ်ပါတယ်။ ငွေလုံးငွေရင်း အများဆုံးအသုံးပြုမယ့် ဆောက်လုပ်ရေး အသုံးစရိတ်အများစုဟာလည်း ပြည်နယ်အတွင်းမှာပဲ ထုတ်ယူသုံးစွဲရမှာဖြစ်သလို ပြည်နယ် အတွင်းမှာ ကောက်ခံရမည့် အခွန်ရငွေများဟာလည်း ဒီထက်မက ပိုမိုပြီးကောက်ခံရရှိဖို့လည်း လိုအပ်မှာလည်းဖြစ်ပါတယ်။ လောလောဆယ် ကမ္ဘာ့ကပ်ရောဂါ Covid– 19 ကြောင့် နိုင်ငံတော်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ကျင်းပနေတဲ့ ၁၈ ကြိမ်မြောက် ပြည်ထောင်စု လွှတ်တော်မှာ ၂၀၁၉ -၂၀၂၀ အခွန်အကောက်ရငွေ၊ အခွန်ဝေစုတွေဟာ လျာထားချက် ထက်လျော့နည်းသွားနိုင်တယ်ဆိုတာကိုလည်း မနေ့က ပြည်ထောင်စုမှာ ဆွေးနွေးသွားတာ ကိုလည်း တွေ့ရှိရသလို ၂၀၁၉- ၂၀၂၀ လျာထားချက်အတိုင်း ပြည့်မီအောင် ကောက်ခံနိုင်ဖို့ ဆိုရာမှာ လျာထားချက်ထက် လျော့နည်းသွားတယ်ဆိုတာဟာ ထိရောက်မှု အများကြီးလည်း ဖြစ်နိုင်ခြေရှိသလို လာမည့် ၂၀၂၀- ၂၀၂၁ အတွက် လျာထားချက်တွေဟာလည်း ရငွေအပေါ် ခန့်မှန်းလျာထားတဲ့စာရင်းသာဖြစ်တဲ့အခါမှာ အနည်းနဲ့အများ ပြောင်းလဲမှုများ ဖြစ်ပေါ်နိုင် တာကိုလည်း လွှတ်တော်ကိုယ်စားလှယ်များအားလုံးလည်း နားလည်ထားကြပါတယ်။

ထိုနည်းငှင်းပဲ အစောပိုင်းက လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးသွားတဲ့အချက်မှာ ရငွေပေါ်မှာ အခြေခံပြီးမှ ရသုံးမှန်းခြေငွေစာရင်းပေါ်မှာ အခြေခံပြီးတော့မှ ဆွေးနွေးထားတဲ့အချက်တွေဟာ သက်ဆိုင်ရာ မြို့နယ်အလိုက် အချိုးကျပြန်ပြီးသတ်မှတ်ကြတဲ့နေရာမှာ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်တွေနဲ့ သက်ဆိုင်ရာဌာနတွေနဲ့ ချိတ်ဆက်မှုအားနည်းတယ်ဆိုတာလည်း တွေ့ရှိရသလို ပြည်နယ်မှာကောက်ခံရရှိရမယ့် ကောက်ခံပိုင်ခွင့်ရှိတဲ့ ခာတ်သတ္တုခွန်၊ မြေပေါ်မှာကောက်ခံတဲ့ အခွန်တွေဟာလည်း ငွေလုံးငွေရင်းအပေါ်မှာ အများဆုံး အသုံးပြုနေတဲ့ ဆောက်လုပ်ရေးဌာနအနေဖြင့် ဆောက်လုပ်ရေး အဓိကကုန်ကြမ်းတွေမှာပဲ ထုတ်ယူသုံးစွဲနေရတာ ဖြစ်တဲ့အခါမှာ သက်ဆိုင်ရာဌာနတွေနဲ့ ကောက်ခံရရှိတဲ့ အခွန်အခတွေအပေါ်မှာ ပြည့်မီအောင် ဆောင်ရွက်ပေးနိုင်ဖို့ အစိုးရအဖွဲ့ကိုလည်း ကြပ်ကြပ်မတ်မတ် ထပ်မံမေတ္တာရပ်ခံပေးအပ်ပါတယ်။

ထိုနည်းငှင်း ပြည်နယ်မှာ ကောက်ခံရမည့် အခွန်အကောက်များ နည်းပါးနေသလား၊ မနည်းပါးနေသလားဆိုတာ ဆောက်လုပ်ရေးလုပ်ငန်းတွေဟာ သက်ဆိုင်ရာ မြို့နယ်တွေမှာ စီမံကိန်းလာရောက်ဖော်ဆောင်တဲ့အခါ အဓိကလိုအပ်ချက်ဖြစ်တဲ့ ကျောက်၊ သဲ တွေကို ထွက်ရှိရာဒေသတွေမှာ အဲ့ဒီသဲကျင်းတွေဟာ အခွန်ဘယ်လောက်ဆောင်ထားသလဲ၊ အခွန်ဘယ်လောက်ရသလဲဆိုတာ သက်ဆိုင်ရာ မြို့နယ်ကိုယ်စားလှယ်များလည်း အားလုံးအသိပဲ ဖြစ်ပါတယ်။

နိဂုံးချုပ်ဆွေးနွေးရမယ်ဆိုရင် ၂၀၂၀-၂၀၂၁ အတွက် ရသုံးမှန်းခြေငွေစာရင်း လျာထားချက်လည်းဖြစ်သလို၊ ၂၀၁၉-၂၀၂၀ ရဲ့ လျာထားချက်တောင်မှ လျော့နည်းသွားပြီဆိုတာ သိရှိရတဲ့အခါ ဒီလိုပဲ ပြည်ထောင်စုဘဏ္ဍာရေးကော်မရှင်မှ ပြည်နယ်အတွက် ခွဲတမ်းလျာထားမှုသတ်မှတ်ချက် ထွက်လာပြီဆိုရင် လျာထားချက်ဘယ်လောက် ရာခိုင်နှုန်းပဲ ရရှိတယ်ဆိုရင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်နှင့် ဆက်လက်ပြီးတော့ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ပေးပါလို့ ပြောကြားရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ဒီကနေ့ ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်နှင့် ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၈)ဦး ဆွေးနွေးတင်ပြသွားပြီး ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်(၈)ဦး ဆွေးနွေးချက်နှင့်ပတ်သက်ပြီး သက်ဆိုင်ရာ လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံကို ည(၈)နာရီထိရောက်ရှိတဲ့ ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်တွေကိုတော့ လက်ရှိ ရှမ်းပြည်နယ်လွှတ်တော်၏ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာစိစစ်ရေးကော်မတီကနေ စိစစ်သုံးသပ်တင်ပြတဲ့အစီရင်ခံစာထဲမှာ ပါဝင်

နိုင်အောင်၊ ထည့်သွင်းနိုင်အောင် ဆောင်ရွက်တာ ဒီနေ့မနက်(၈)နာရီခွဲလောက်မှာတော့ ပြည့်ပြည့်စုံစုံဖြစ်အောင် စီမံထားပေးတာဖြစ်ပါတယ်။ အဓိကတော့ လျာထားချက်စာရင်းကိုသာ အတည်ပြုကြဖို့ဖြစ်ပါတယ်။ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီအနေနဲ့ စိစစ်တဲ့အခါမှာ ဌာနပေါင်း(၈)ခုရဲ့ ပြင်ဆင်ချက်တွေ လျာထားမှုနှင့် ပတ်သက်ပြီး ဒီနေ့လွှတ်တော်ကိုယ်စားလှယ်တွေဆွေးနွေးတဲ့ အချက်အလက်တွေလည်း ပါသလို ပြီးခဲ့တဲ့ မေလ ၁၃ ရက်နေ့က စပြီးတော့ လွှတ်တော်ကော်မတီအသီးသီးကနေ ကိုယ်စားပြု ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ ပါဝင်ပြီးတော့ သက်ဆိုင်ရာကော်မတီက Main ကော်မတီအဖြစ်ဆောင်ရွက်ပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့်လည်း ကြိုတင်ပြီးတော့ ညှိနှိုင်းပေးခဲ့ပါတယ်။ အဲ့ဒီမှာ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပါဝင်ခွင့် မရှိနိုင်ခဲ့တဲ့အတွက်လည်း လက်ရှိအခြေအနေဟာ အားလုံးသိတဲ့အတိုင်း လွှတ်တော်ကိုယ်စားလှယ်အားလုံးကို Covid-19 သတ်မှတ်ချက်အရ ခေါ်ယူဖို့အတွက် သက်ဆိုင်ရာ ဒေသယာဉ်လိုင်းတွေ ပြေးဆွဲမှုမရှိသေးတာ၊ ရောဂါနဲ့ပတ်သက်ပြီးတော့မှ ကန့်သတ်ချက်တွေရှိနေတာတွေကြောင့် အစည်းအဝေးကိုတော့ အဖြစ်နိုင်ဆုံးနှင့် အတတ်နိုင်ဆုံး ကြိုတင်ပြီးတော့ စီမံပေးခဲ့ရတာ ဖြစ်ပါတယ်။ အားနည်းချက်၊ အားသာချက်များ ရှိကောင်းရှိနိုင်ပါတယ်။ သို့သော်လည်း ဘဏ္ဍာငွေအရအသုံးရေးဆွဲရေးဆိုင်ရာနှင့်ပတ်သက်တဲ့ ဥပဒေ(မူကြမ်း)ကို တိုင်းဒေသကြီး/ ပြည်နယ်အားလုံး တစ်ပြေးညီကျင့်သုံးဖို့ ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးနေပြီ ဖြစ်ပါတယ်။ အဲ့ဒီဥပဒေ အတည်ပြုပြီးရင်တော့ မတ်လ ၇ ရက် မတိုင်မီ ဒီလို လျာထားတဲ့စာရင်းတွေ ရရှိလာမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေ ပိုပြီးဆွေးနွေးဖို့ အချိန်များ ရလာနိုင်မယ်လို့လည်း မျှော်လင့်ပါတယ်။ လွှတ်တော်အနေနဲ့ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ လျာထားချက်စာရင်းဆွေးနွေးတဲ့အခါမှာ သက်ဆိုင်ရာ ဒေသန္တရစီမံကိန်းနှင့်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာစိစစ်ရေးကော်မတီကနေပြီးတော့ကျွန်တော်ရှင်းလင်းတင်ပြသလိုပြင်ဆင်တဲ့ လုပ်ငန်းတွေ ပြောင်းလဲတဲ့လုပ်ငန်းတွေအားလုံးကို Power Point နဲ့ သေသေချာချာ ရှင်းလင်းတင်ပြသွားတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်များ မိမိရဲ့ မြို့နယ်၊ မိမိရဲ့ဒေသတွင် သက်ဆိုင်ရာအစိုးရအဖွဲ့မှ အကောင်အထည်ဖော်မည့်ကိစ္စရပ်များကို အာရုံမများဘဲ၊ စူးစူးစိုက်စိုက် သေသေချာချာ နားထောင်ပြီးတော့မှ စဉ်းစားပေးကြဖို့ လိုပါတယ်။ ကျွန်တော်တို့ လွှတ်တော်ရဲ့ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီက စိစစ်သုံးသပ်တင်ပြတဲ့ အစီရင်ခံစာနှင့် လွှတ်တော်ကိုယ်စားလှယ်(၈)ဦးက ဆွေးနွေးသွားတဲ့ ဆွေးနွေးချက်၊ အကြံပြုချက်တွေကို သက်ဆိုင်ရာအစိုးရအဖွဲ့ကိုလည်း နည်းဥပဒေ ၁၄၆ အရ ရှမ်းပြည်နယ်လွှတ်တော်ကနေ ပြည်နယ်ဝန်ကြီးချုပ်ထံ ဆက်လက်ပေးပို့သွားမှာ ဖြစ်ပါတယ်။ ဒါဟာ လွှတ်တော်ရဲ့ နည်းဥပဒေလုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ပေးတာ

ဖြစ်ပါတယ်။ ဒီလိုဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် ပတ်သက်လို့ နောက်ဆုံးလွှတ်တော်ကိုယ်စားလှယ် ဆွေးနွေးသလိုပဲ ပြည်ထောင်စုဘတ်ဂျက်ရဲ့ ရငွေအပေါ်မှာ မူတည်ပြီး ပြည်ထောင်စုရဲ့ ဖြည့်စွက်ပေးနိုင်တဲ့ ဘဏ္ဍာရေးအကန့်အသတ်များရှိခဲ့လို့ရှိရင် လုပ်ငန်းတွေဟာ လျှော့ကောင်းလျှော့နိုင်တဲ့အတွက် အဲ့ဒီအချိန်မှာ ဥပဒေကြမ်းတွေ တင်သွင်းလာတဲ့အခါကျရင် လွှတ်တော်ကိုယ်စားလှယ်များ အချိန်ယူပြီး ဆွေးနွေးနိုင်အောင် လွှတ်တော်အနေနဲ့လည်း စီစဉ်ပေးသွားမှာဖြစ်ပါတယ်။ အခုလျာထားချက်စာရင်းအပေါ်မှာတော့ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို Power Point တွေနဲ့ သေသေချာချာ စီစဉ်ထားပေးပြီး ပြည့်စုံစုံဖြစ်အောင်တော့ ဆောင်ရွက်ပေးထားပါတယ်။ ရတဲ့အချိန်ကလေးမှာ ဝန်ထမ်းများအားလုံး မနေ့ညက တစ်ညလုံးမအိပ်ပါဘူး။ နံနက်(၅:၅၀)မှ အကြမ်းပြီးပါတယ်။ ကျွန်တော်အချောသပ်ပေးတာကတော့ နံနက်(၈:၃၀) ဖြစ်ပါတယ်။ ဒါ့ကြောင့် အားလုံးနားလည်ပေးပြီးတော့ သက်ဆိုင်ရာ ဝန်ကြီးက တင်သွင်းတဲ့အခါမှာ အားလုံးသည် မိမိရဲ့ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွေ၊ ရရှိတဲ့ဘဏ္ဍာငွေအပေါ်မှာ လျာထားတဲ့ကိစ္စရပ်တွေအပေါ် နားလည်နိုင်ပါစေလို့ ကျွန်တော့်အနေနဲ့ တင်ပြဆွေးနွေးလိုပါတယ်။

## ရှမ်းပြည်နယ်လွှတ်တော်ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်း။

**ဒုတိယဥက္ကဋ္ဌ။** ဆက်လက်ပြီး အစီအစဉ်(၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို ရှမ်းပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သို့ဖြစ်ပါ၍ အစီရင်ခံစာကို ဖတ်ကြားတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းစမ်းစမ်းအေး၊ အတွင်းရေးမှူး၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီ။** ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၂၀) (ပထမနေ့) (၁၈.၅.၂၀၂၀)ရက်နေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံး ခန့်မှန်းခြေငွေစာရင်းအပေါ် ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီက စိစစ်သုံးသပ်တင်ပြသည့် အစီရင်ခံစာကို သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ကျွန်မ ဒေါ်နန်းစမ်းစမ်းအေးက ဖတ်ကြားသွားမှာ ဖြစ်ပါတယ်။

**နိဒါန်း**

၁။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၂၀) (ပထမနေ့) (၁၈.၅.၂၀၂၀)ရက်နေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့်ပတ်သက်၍ ကြိုတင်စိစစ်နိုင်ရန် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၅ နှင့်အညီ ကော်မတီအစည်းအဝေးကို (၁၃.၅.၂၀၂၀) ရက်နေ့တွင် ပြုလုပ်ခဲ့ပြီး၊ နည်းဥပဒေ ၆၄ နှင့်အညီ ဌာန/ အဖွဲ့အစည်းများနှင့် တွေ့ဆုံ၍ (၁၄.၅.၂၀၂၀)ရက်၊ (၁၅.၅.၂၀၂၀)ရက်နှင့် (၁၆.၅.၂၀၂၀)ရက်နေ့တို့တွင် ဌာနဆိုင်ရာ ကြားနာပွဲပြုလုပ်ပြီး ညှိနှိုင်းဆွေးနွေးကာ နည်းဥပဒေ ၆၆ အရ အစီရင်ခံစာ ပြုစုတင်ပြခြင်း ဖြစ်ပါတယ်။

**လေ့လာတွေ့ရှိချက်**

၂။ ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်းတွင် သာမန်ရငွေမှာ ဗဟို အဖွဲ့အစည်း(၅)ခုအတွက် ကျပ် ၃၂,၃၁၂.၂၆၉ သန်း၊ ဝန်ကြီးဌာန၊ ဦးစီးဌာနများနှင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းအောက်ရှိ ဌာန(၂၀)ခုအတွက် သာမန်ရငွေကျပ် ၄,၂၅၉.၉၈၉ သန်း၊ စည်ပင်သာယာရေးဌာနအတွက် ကျပ် ၂၁,၃၆၂.၃၀၁ သန်း၊ ပေါင်း ကျပ် ၅၇,၉၃၄.၅၅၉ သန်း၊ ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေ ကျပ် ၂၈၂,၀၄၅.၇၅၇ သန်း၊ စုစုပေါင်း ကျပ်သန်းပေါင်း ၃၃၉,၉၈၀.၃၁၆ သန်း ရရှိရန် လျာထားသည်ကို တွေ့ရှိရပါတယ်။

၃။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်းတွင် သာမန်သုံးငွေ ဗဟို အဖွဲ့အစည်း (၅)ခုအတွက် ကျပ် ၁၆,၉၇၈.၆၄၈ သန်း၊ ဝန်ကြီးဌာန၊ ဦးစီးဌာနများနှင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းအောက်ရှိ ဌာန(၂၀)ခုအတွက် ကျပ် ၈၆,၀၆၀.၉၂၂ သန်း၊ ကုန်တင်ကုန်ချ ကော်မတီရုံးအတွက် ကျပ် ၁၂.၆၄၀ သန်း၊ စည်ပင်သာယာရေးဌာနအတွက် ကျပ် ၉,၆၀၅.၃၈၃ သန်း သုံးစွဲရန်၊ စုစုပေါင်း ကျပ်သန်းပေါင်း ၁၁၂,၆၅၇.၅၉၃ သန်း သုံးစွဲရန် လျာထားသည်ကို တွေ့ရှိရပါတယ်။

၄။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်းတွင် ငွေလုံးငွေရင်းရငွေမှ စည်ပင်သာယာရေးဌာနအတွက် ကျပ် ၀.၀၂၀ သန်း ရရှိရန် လျာထားသည်ကို တွေ့ရှိရပါတယ်။

၅။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်းတွင် ငွေလုံးငွေရင်း သုံးငွေမှာ ဗဟိုအဖွဲ့အစည်း(၅)ခုအတွက် ကျပ် ၅၉,၆၈၄.၃၅၃ သန်း၊ ဝန်ကြီးဌာန၊ ဦးစီးဌာနများနှင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းအောက်ရှိ ဌာန(၂၀)ခုအတွက် ကျပ် ၁၄၆,၀၇၉.၆၀၇

သန်း၊ စည်ပင်သာယာရေးဌာနအတွက် ကျပ် ၂၁,၅၅၈.၇၈၃ သန်း၊ စုစုပေါင်း ကျပ်သန်းပေါင်း ၂၂၇,၃၂၂.၇၄၃ သန်း သုံးစွဲရန် လျာထားသည်ကို တွေ့ရှိရပါတယ်။

၆။ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် သာမန်ရငွေကျပ် ၅၇,၉၃၄.၅၅၉ သန်း၊ ငွေလုံးငွေရင်းရငွေကျပ် ၀.၀၂၀ သန်း၊ စုစုပေါင်းရငွေ ၅၇,၉၃၄.၅၇၉ သန်း ဖြစ်ပြီး၊ သာမန်သုံးငွေကျပ် ၁၁၂,၆၅၇.၅၉၃ သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၂၂၇,၃၂၂.၇၄၃ သန်း၊ စုစုပေါင်းသုံးငွေ ကျပ် ၃၃၉,၉၈၀.၃၃၆ သန်း ဖြစ်သဖြင့် လိုငွေကျပ် ၂၈၂,၀၄၅.၇၅၇ သန်း ဖြစ်သည်ကို တွေ့ရှိရပါတယ်။

**စိစစ်တွေ့ရှိချက်**

၇။ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများ လျာထားတောင်းခံမှုအပေါ် အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါတယ်-

(က) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အဆိုပြုလျာထားသည့် One State One Township လုပ်ငန်းစီမံကိန်းတွင် မူလက (၆)မြို့နယ်သာ လျာထားခဲ့ပြီး ဆွေးနွေးချက်အရ (၁၀)မြို့နယ်တိုးမြှင့်လျာထားနိုင်သည်ကို တွေ့ရှိရခြင်း။

(ခ) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အဆိုပြုလျာထားသည့် Clean and Green Cities လုပ်ငန်းစီမံကိန်းတွင် မူလက လုပ်ငန်းအမည်သာ ဖော်ပြခဲ့ပြီး ဆွေးနွေးချက်အရ ခရိုင်(၁၀)ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ (၅)ခုအတွက် ပြင်ဆင်လျာထားသည်ကို တွေ့ရှိရခြင်း။

(ဂ) ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၌ ကျိုင်းတုံမြို့တွင် ကုန်းမြင့်လယ်ယာကေ(၁၀၀) အား ဖော်ထုတ်ဆောင်ရွက်ရာတွင် အကျိုးသက်ရောက်မှု နည်းပါးသည်ကို တွေ့ရှိရပြီး ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင်လည်း ကေ(၂၀၀)အား ထပ်မံဖော်ထုတ်ရန် တင်ပြထားသည်ကို တွေ့ရှိရခြင်း။

(ဃ) ဘတ်ဂျက်ခွဲဝေရာတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ ကြယ်ပွင့်ပြ/မပြ မေးခွန်းများမှ ကတိကဝတ်ဖြစ်ပေါ်မှုကို အလေးထားထည့်သွင်းခြင်းမရှိဘဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တို့၏ အဆိုပြုချက်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၏ ခရီးစဉ်လမ်းညွှန်ချက်

များ၊ နိုင်ငံရေးပါတီများ၏ တောင်းဆိုချက်များ ထည့်သွင်းလျာထားသည်ကို တွေ့ရှိရခြင်း။

( င ) ဘတ်ဂျက်ခွဲဝေရာတွင် အစိုးရအဖွဲ့ဝန်ကြီးဌာနအောက်ရှိ ဌာနများက ဝန်ကြီးများ၏ မဲဆန္ဒနယ်ရှိ လုပ်ငန်းများအား ဦးစားပေးထည့်သွင်းရေးဆွဲထားသည်ကို တွေ့ရှိရခြင်း။

( စ ) နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ လမ်းဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့၏ လုပ်ငန်းများအတွက် ဘတ်ဂျက်ခွဲဝေရာတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့ အချိုးညီ မျှတမှု မရှိသည်ကို စိစစ်တွေ့ရှိရခြင်း။

(ဆ) ကော်မတီကြားနာပွဲ၌ ဘတ်ဂျက်ရေးဆွဲရာတွင် ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် ကဏ္ဍအလိုက် လုပ်ငန်းများကို ပိုမိုအသေးစိတ် စိစစ်ဆောင်ရွက်နိုင်ရန် ရေးရာကော်မတီ(၈)ခုအား တာဝန်ခွဲဝေပေးခဲ့ပြီး ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်စေခဲ့သည့်အတွက် နောင်လာမည့် လွှတ်တော်သက်တမ်းတွင် ရေးရာကော်မတီများ ပူးပေါင်းဆောင်ရွက်နိုင်သည့် စံနမူနာကောင်းများရရှိခြင်းအပြင် ဘတ်ဂျက်ခွဲဝေမှု ပိုမိုမျှတစွာ ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရခြင်း။

( ဇ ) ကော်မတီကြားနာပွဲ (၃)ရက်တာ ကာလအတွင်း တက်ရောက်လာသည့် သက်ဆိုင်ရာရေးရာကော်မတီများ၏ သုံးသပ်အကြံပြုချက်အရ သက်ဆိုင်ရာမြို့နယ်တွင် မလိုအပ်သည့် လုပ်ငန်းများအစား ခွင့်ပြုငွေရပ် ပြောင်းလဲခြင်းမရှိစေဘဲ အခြားလိုအပ်သည့် လုပ်ငန်းများသို့ အစားထိုး ပြောင်းလဲခဲ့သည်ကို တွေ့ရှိရခြင်း။

**စိစစ်ချက်အရ ပြင်ဆင်သည့်လုပ်ငန်းများ**

၈။ စိစစ်ချက်အရ အောက်ဖော်ပြပါဌာန(၈)ခု၏ လုပ်ငန်းများအား ပြောင်းလဲပြင်ဆင်ခဲ့ပါတယ်-

(က) ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ လုပ်ငန်းပြောင်းလဲမှုမရှိစေဘဲ ငွေရပ်ပြောင်းလဲခဲ့သည့်လုပ်ငန်း(၁)ခု Clean and Green Cities မူလလျာထား ကျပ် ၇,၄၅၅.၆၃၁ သန်းမှ ကျပ် ၇,၂၀၀ သန်း ပြင်ဆင်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်နှင့် ငွေရပ်

နှစ်ခုစလုံးပြောင်းလဲဆောင်ရွက် ခဲ့သည့် နမ့်ဆန်မြို့နယ်၊ လုပ်ငန်းရပ် (၂)ခု၊ ကျပ် ၄၄.၂၈၀ သန်း၊ ပိုလျှံငွေနှစ်ခုပေါင်းကျပ် ၂၉၉.၉၁၁ သန်းအား ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသို့ လွှဲပြောင်းဆောင်ရွက်စေခဲ့ပါ တယ်။

( ခ) ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ လုပ်ငန်းရပ် ပြောင်းလဲမှု မရှိစေဘဲ ငွေရပ်ပြောင်းလဲဆောင်ရွက်ခဲ့သည့် မြို့နယ်(၁)ခု၊ နမ့်စန်မြို့နယ်၊ လုပ်ငန်းရပ်(၁)ခု မူလကျပ်သန်း ၂၅၀ မှ ကျပ်သန်း ၁၅၀ သို့ ပြင်ဆင် ဆောင်ရွက်ခဲ့ပါတယ်။ လုပ်ငန်းရပ်နှင့် ငွေရပ်နှစ်မျိုးစလုံး ပြောင်းလဲဆောင်ရွက် ခဲ့သည့်မြို့နယ်(၁)ခု၊ မိုးမိတ်မြို့နယ်၊ လုပ်ငန်းရပ် (၁)ခု၊ ငွေရပ် ပြောင်းလဲ၍ ပိုလျှံငွေ ကျပ် ၅၅၀.၀၀၀ သန်းအား မြို့နယ်(၅)မြို့နယ်ဖြစ်တဲ့ မိုင်းကိုင်မြို့နယ် လုပ်ငန်း (၁)ခု၊ နမ့်စန်မြို့နယ် လုပ်ငန်း(၁)ခု၊ နမ္မတူမြို့နယ် လုပ်ငန်း(၁)ခု၊ မိုင်းဆတ်မြို့နယ် လုပ်ငန်း(၁)ခု၊ မိုင်းခတ်မြို့နယ် လုပ်ငန်း(၁)ခု စတဲ့လုပ်ငန်း သစ် (၅)ခုအား ပြောင်းလဲဆောင်ရွက်စေခဲ့ပါတယ်။ ငွေရပ်ပြောင်းလဲမှုမရှိဘဲ တည်နေရာသာပြောင်းလဲ ဆောင်ရွက်ခဲ့တဲ့ မြို့နယ်(၁)မြို့နယ်၊ နောင်ချို မြို့နယ်လုပ်ငန်း(၁)ခုအား ဆောင်ရွက်စေခဲ့ပါတယ်။

( ဂ) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ငွေရပ် ပြောင်းလဲမှု မရှိဘဲ လုပ်ငန်းပြောင်းလဲဆောင်ရွက်ခဲ့သည့် မြို့နယ်(၃)မြို့နယ်၊ ကလောမြို့နယ် လုပ်ငန်း(၁)ခု၊ မူလလုပ်ငန်းရပ် ၂ ခုမှ ၁ ခုပြောင်းလဲ ဆောင်ရွက်ခဲ့ပါတယ်။ ဖယ်ခုံမြို့နယ်လုပ်ငန်း(၂)ခု၊ မူလလုပ်ငန်းရပ် ၁ ခုမှ ၂ ခုပြောင်းလဲဆောင်ရွက်ခဲ့ပါတယ်။ တောင်ကြီးမြို့နယ်လုပ်ငန်း(၁)ခု၊ ငွေရပ် ပြောင်းလဲမှုမရှိဘဲ တည်နေရာပြောင်းလဲဆောင်ရွက်ခဲ့သည့် မြို့နယ်(၁)မြို့နယ်၊ ရွာငံမြို့နယ်လုပ်ငန်း(၁)ခု၊ လုပ်ငန်းရပ်နှင့် ငွေရပ်နှစ်မျိုးစလုံး ပြောင်းလဲ ဆောင်ရွက်ခဲ့သည့် တောင်ကြီးမြို့နယ်လုပ်ငန်း(၁)ခု (မူလကျပ် ၁၇၈.၀၆၂ သန်းမှ ကျပ် ၁၄၄.၃၇၅ သန်း)၊ နမ့်စန်မြို့နယ်လုပ်ငန်း(၁)ခု (မူလကျပ် ၁၅၆.၆၂၀ သန်းမှ ကျပ် ၁၅၀.၁၃၇ သန်း)သို့ ပြောင်းလဲဆောင်ရွက်ခဲ့ပါတယ်။ လုပ်ငန်းနှင့် ငွေရပ်ပြောင်းလဲ၍ ပိုလျှံငွေကျပ် ၄၀.၁၇၀ သန်းအား မြို့နယ်(၂) မြို့နယ်ဖြစ်တဲ့ တောင်ကြီး မြို့နယ် လုပ်ငန်း(၁)ခု၊ နမ့်စန်မြို့နယ် လုပ်ငန်း(၁)ခု စတဲ့လုပ်ငန်းသစ်(၂)ခုအား ပြောင်းလဲ ဆောင်ရွက်စေခဲ့ပါတယ်။

(ဃ) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ငွေရပ်ပြောင်းလဲမှုမရှိစေဘဲ လုပ်ငန်းပြောင်းလဲဆောင်ရွက်ခဲ့သည့် မြို့နယ်(၁)မြို့နယ်၊ ကွမ်းလုံမြို့နယ်လုပ်ငန်း (၁)ခု၊ ကမ်းပြိုကာကွယ်ရေးအား Steel Basket ဖြင့် ပြောင်းလဲဆောင်ရွက်စေခဲ့ပါတယ်။

( င) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လုပ်ငန်းရပ်နှင့်ငွေရပ်နှစ်မျိုးစလုံး ပြောင်းလဲဆောင်ရွက်ခဲ့သည့် မြို့နယ်(၁၀)မြို့နယ်ဖြစ်သည့် ကလောမြို့နယ် လုပ်ငန်း(၃)ခု၊ နမ့်စန်မြို့နယ် လုပ်ငန်း(၃)ခု၊ လင်းခေးမြို့နယ် လုပ်ငန်း(၁)ခု၊ မိုးနဲမြို့နယ် လုပ်ငန်း(၁)ခု၊ မောက်မယ်မြို့နယ် လုပ်ငန်း(၁)ခု၊ သိန္နီမြို့နယ် လုပ်ငန်း(၃)ခု၊ ကွတ်ခိုင်မြို့နယ် လုပ်ငန်း(၃)ခု၊ မိုးမိတ်မြို့နယ်လုပ်ငန်း(၂)ခု၊ ဆီဆိုင်မြို့နယ်လုပ်ငန်း(၁)ခု၊ ကျောက်မဲမြို့နယ်လုပ်ငန်း(၁)ခု။ငွေရပ်ပြောင်းလဲပြီး လုပ်ငန်းရပ်ပြောင်းလဲခြင်းမရှိဆောင်ရွက်ခဲ့သည့် လုပ်ငန်း(၃)ခု၊ ဟိုပုံးမြို့နယ်လုပ်ငန်း(၁)ခု၊ မွမ်းမံလုပ်ငန်း(ကုန်ထုတ်လမ်း/ တံတား)၊ မွမ်းမံလုပ်ငန်း (ရေပေးရေး)စသည့် (၃)ခုကို ပြောင်းလဲဆောင်ရွက်စေခဲ့ပါတယ်။ ငွေရပ်ပြောင်းလဲမှုမရှိစေဘဲ တည်နေရာ သာပြောင်းလဲဆောင်ရွက်ခဲ့သည့် မြို့နယ် (၁)မြို့နယ်၊ ကလောမြို့နယ်လုပ်ငန်း(၁)ခု။ မူလအဆိုပြုလျာထားချက် ကျပ် ၃,၀၃၈.၈၁၀ သန်းအပေါ် လုပ်ငန်း(၂၅)ခုအား ပြောင်းလဲဆောင်ရွက်နိုင်ခဲ့ပြီး လုပ်ငန်းသစ်(၁၂)ခုအား မြို့နယ် (၉)မြို့နယ်သို့ ပြောင်းလဲဆောင်ရွက်စေခဲ့ပါတယ်။ ကလောမြို့နယ်လုပ်ငန်း(၃)ခု၊ ကွန်ဟိန်းမြို့နယ်လုပ်ငန်း(၁)ခု၊ သီပေါမြို့နယ်လုပ်ငန်း(၂)ခု၊ ကျိုင်းတုံမြို့နယ် လုပ်ငန်း(၁)ခု၊ မိုင်းယန်းမြို့နယ်လုပ်ငန်း (၁)ခု၊ မိုင်းခတ်မြို့နယ် လုပ်ငန်း(၁)ခု၊ မိုင်းလားမြို့နယ် လုပ်ငန်း(၁)ခု၊ မိုင်းယောင်းမြို့နယ်လုပ်ငန်း(၁)ခု၊ ပင်းတယမြို့နယ်လုပ်ငန်း(၁)ခု ဖြစ်ပါတယ်။

( စ) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ငွေရပ်ပြောင်းလဲမှုမရှိစေဘဲ လုပ်ငန်းသာ ပြောင်းလဲဆောင်ရွက်ခဲ့သည့် မြို့နယ်(၄)မြို့နယ် ရှိပါတယ်။ ပင်းတယမြို့နယ် လုပ်ငန်း(၃)ခု (မူလလုပ်ငန်း ၂ ခုမှ ၃ ခုသို့ ပြောင်းလဲဆောင်ရွက်ခြင်း)၊ မိုင်းရှူးမြို့နယ်လုပ်ငန်း(၁)ခု (မူလ လုပ်ငန်း ၂ ခုမှ ၁ ခု ပြောင်းလဲဆောင်ရွက်ခြင်း)၊ တန့်ယန်းမြို့နယ်လုပ်ငန်း(၂)ခု (မူလလုပ်ငန်း ၃ ခုမှ ၂ ခုပြောင်းလဲဆောင်ရွက်ခြင်း)၊ သီပေါမြို့နယ်လုပ်ငန်း(၉)ခု (မူလလုပ်ငန်း ၃ ခုမှ ၉ခု ပြောင်းလဲဆောင်ရွက်ခြင်း)။ငွေရပ်ပြောင်းလဲမှုမရှိစေဘဲတည်နေရာသာ ပြောင်းလဲ ဆောင်ရွက် ခဲ့သည့် မြို့နယ်(၃)ခု၊ ကလောမြို့နယ် လုပ်ငန်း(၁)ခု၊

ဖယ်ခုံမြို့နယ် လုပ်ငန်း(၂)ခု၊ မိုင်းဆတ်မြို့နယ် လုပ်ငန်း(၁)ခု။ ငွေရပ်ပြောင်းလဲပြီးတော့ လုပ်ငန်းပြောင်းလဲမှု မရှိတဲ့မြို့နယ်(၃)ခု၊ ကျိုင်းတုံမြို့နယ် လုပ်ငန်း(၁)ခု၊ မိုင်းခတ်မြို့နယ် လုပ်ငန်း(၁)ခု၊ မိုင်းဆတ်မြို့နယ်လုပ်ငန်း (၁)ခု။ လုပ်ငန်းရပ်နှင့် ငွေရပ်နှစ်မျိုးစလုံးပြောင်းသည့် မြို့နယ်(၂)ခု၊ နောင်ချိုမြို့နယ် လုပ်ငန်း (၁)ခု၊ နမ္မတူမြို့နယ် လုပ်ငန်း(၂)ခု။ ငွေရပ်ပြောင်းလဲဆောင်ရွက်ချက်မှ ကျပ် ၂,၉၆၉.၇၉၉ သန်း အား သက်ဆိုင်ရာမြို့နယ်အတွင်း လုပ်ငန်းများ ပြောင်းလဲဆောင်ရွက်ခြင်းနှင့် လုပ်ငန်းသစ်များ ထပ်မံပြောင်းလဲဆောင်ရွက်ခြင်းကို မြို့နယ်(၂)မြို့နယ်ဖြစ်တဲ့ ကျောက်မဲမြို့နယ် လုပ်ငန်း (၄)ခု၊ မိုင်းယန်းမြို့နယ်လုပ်ငန်း(၂)ခုတို့ကို ပြောင်းလဲဆောင်ရွက်စေခဲ့ပါတယ်။

(ဆ) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ လုပ်ငန်းရပ်နှင့် ငွေရပ်နှစ်မျိုးစလုံး ပြောင်းလဲ ဆောင်ရွက်သည့် မြို့နယ်(၅)မြို့နယ် ကလောမြို့နယ် လုပ်ငန်း(၃)ခု၊ ရပ်စောက်မြို့နယ် လုပ်ငန်း(၂)ခု၊ မိုးမိတ်မြို့နယ် လုပ်ငန်း (၁)ခု၊ မိုင်းဆတ်မြို့နယ်လုပ်ငန်း (၁)ခု၊ ကျောက်မဲမြို့နယ် လုပ်ငန်း(၁)ခု၊ ကျောက်မဲမြို့နယ် အတွက် ကျပ် ၅၁.၀၀၀ သန်း ဖြစ်ပါတယ်။ ငွေရပ်ပြောင်းလဲမှု မရှိစေဘဲ လုပ်ငန်းရပ်ပြောင်းလဲဆောင်ရွက်ခဲ့သည့် မြို့နယ်(၁)မြို့နယ်၊ သီပေါမြို့နယ် လုပ်ငန်း(၄)ခု (မူလလုပ်ငန်း ၂ ခုမှ ၄ ခုသို့ ပြောင်းလဲဆောင်ရွက်ခြင်း)၊ ငွေရပ်ပြောင်းလဲခြင်းမရှိဘဲ တည်နေရာပြောင်းလဲဆောင်ရွက်ခဲ့တဲ့ မြို့နယ်(၁)ခု မိုင်းဆတ်မြို့နယ် လုပ်ငန်း(၁)ခု။ မူလအဆိုပြုလျာထားချက် ကျပ် ၁,၁၄၃.၆၆၈ သန်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လွှဲပြောင်းငွေ ကျပ် ၂၉၉.၉၁၁ သန်း၊ စုစုပေါင်းကျပ် ၁,၄၄၃.၅၇၉ သန်းအပေါ် လုပ်ငန်းပြောင်း(၁၂)ခု၊ လုပ်ငန်းသစ် (၇)ခုအား မြို့နယ် (၇)မြို့နယ်တွင် ဆောင်ရွက်ခဲ့ပါတယ်။ ပင်းတယမြို့နယ် လုပ်ငန်း (၁)ခု၊ ရွာငံမြို့နယ်လုပ်ငန်း (၁)ခု၊ နမ့်စန်မြို့နယ်လုပ်ငန်း (၁)ခု၊ မိုင်းကိုင်မြို့နယ်လုပ်ငန်း (၁)ခု၊ မိုးနဲမြို့နယ်လုပ်ငန်း (၁)ခု၊ မန်တုံမြို့နယ် လုပ်ငန်း (၁)ခု၊ မိုင်းဆတ်မြို့နယ် လုပ်ငန်း(၁)ခု၊ နောင်ချိုမြို့နယ်လုပ်ငန်း (၁)ခု၊ နောင်ချိုမြို့နယ်အတွက် ကျပ် ၅၁.၀၀၀ သန်းဖြစ်ပါတယ်။

( ဇ ) စည်ပင်သာယာရေးဌာန၊ ငွေရပ်ပြောင်းလဲမှုမရှိစေဘဲ တည်နေရာသာ ပြောင်းလဲဆောင်ရွက်သည့် မြို့နယ် (၂)မြို့နယ်၊ ပင်းတယမြို့နယ်လုပ်ငန်း (၁)ခု၊ ရွာငံမြို့နယ်လုပ်ငန်း(၁)ခု ဖြစ်ပါတယ်။

## သုံးသပ်ချက်

၉။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါတယ်-

(က) စီမံကိန်းလုပ်ငန်းများအတွက် ဘဏ္ဍာငွေ တောင်းခံရာတွင် စီမံကိန်းလုပ်ငန်း တစ်ခုလုံး၏ လုပ်ငန်းပမာဏ၊ ခန့်မှန်းကုန်ကျငွေ၊ အကျိုးဖြစ်ထွန်းနိုင်မှု၊ အာမခံ သက်တမ်းတို့အား ပြည့်စုံစွာ ရှင်းလင်းဖော်ပြ၍ တောင်းခံရန် လိုအပ်ပါသည်။

( ခ ) ဌာနများအနေဖြင့် ဆယ်တင်ပစ္စည်းများကို စာရင်းဇယားများ အသေးစိတ် ပြုစုထားရှိပြီး လိုအပ်သည့် မြို့နယ်များတွင် အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်သင့်ပါသည်။

( ဂ ) ဘတ်ဂျက်ခွဲဝေမှုတွင် ခရိုင်အလိုက်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသအလိုက် မြို့နယ်အလိုက် လူဦးရေ၊ ဒေသအခြေအနေအရ လိုအပ်ချက်အပေါ် မူတည်၍ ဘတ်ဂျက်ကို အချိုးကျ မျှတစွာ ခွဲဝေချထားသင့်ပါသည်။

(ဃ) ကုန်းမြင့်လယ်ယာဖော်ထုတ်ရာတွင် သစ်တောပြုန်းတီးမှု မရှိစေရေး၊ သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး၊ တောင်သူများအတွက် အကျိုးပြုဓာတ်မြေဩဇာ၊ စိုက်ပျိုး သီးနှံအမျိုးအစားတို့အား တိကျစွာ ကွင်းဆင်းစိစစ်ပြီးမှ ဘတ်ဂျက် လျာထားမှုကို တင်ပြဆောင်ရွက်သင့်ပါသည်။

( င ) ကျိုင်းတုံမြို့ ကုန်းမြင့်လယ်ယာဓာတ်မြေဩဇာ(၂၀၀)ဖော်ထုတ်မှုနှင့် ပတ်သက်၍ ပြန်လည်သုံးသပ်ရန် လိုအပ်ပြီး အဆိုပါ ဓာတ်မြေဩဇာ(၂၀၀)အား အခြားမြို့နယ်ရှိ လယ်မဲ့၊ ယာမဲ့များအတွက် ပြန်လည်လျာထား အဆိုပြုသင့်ကြောင်း တင်ပြအပ် ပါသည်။

( စ) မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းများပါဝင်ပြီး ခရိုင်အဆင့် စီမံကိန်းရေးဆွဲရာတွင် ပါဝင်ခြင်းမရှိသည်ကို တွေ့ရှိရသည့်အတွက် သက်ဆိုင်ရာဝန်ကြီးများမှ ကြီးကြပ်ဆောင်ရွက်သင့်ပါသည်။

(ဆ) ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများနှင့် ကြားနာပွဲသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများကိုယ်တိုင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည့်အတွက် လွှတ်တော်နှင့် အစိုးရအဖွဲ့၏ အပြန်အလှန် ထိန်းကျောင်းမှုကဏ္ဍကို ပိုမိုပီပြင်စေခဲ့ပါသည်။

**အကြံပြုချက်**

၁၀။ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီအနေဖြင့် အောက်ပါအတိုင်း အကြံပြုတင်ပြအပ်ပါသည်-

(က) အားကစားသိပ္ပံကျောင်းတွင် ကျောင်းသားများ ရွေးချယ်ရာ၌ မြို့နယ်တိုင်း တန်းတူ အခွင့်အရေးပေး၍ ရွေးချယ်ရန်။

( ခ) မြို့နယ်အလိုက် မိုးလုံလေလုံ အားကစားခန်းမ ဆောက်လုပ်ရာ၌ အမှန်တကယ် လိုအပ်သည့် မြို့နယ်များကို ဦးစားပေး၍ ဘဏ္ဍာရေးနှစ်အလိုက် နှစ်စဉ် လျာထားဆောင်ရွက်ရန်။

( ဂ) ဘောလုံးကွင်းများ ဖောက်လုပ်ရာတွင် အခြေခံပညာအထက်တန်းကျောင်း များကို ဦးစားပေးဆောင်ရွက်ပြီး ကျောင်းသူ၊ကျောင်းသားများနှင့် ရပ်ကွက်/ ကျေးရွာရှိ လူငယ်လူရွယ်များအတွက် အကျိုးရှိစေမည့် ပြိုင်ပွဲများကျင်းပပေး ရန်။

(ဃ) လျှပ်စစ်လုပ်ငန်းတွင် NEP Phase - 2 တွင် ပါဝင်သည့်လုပ်ငန်းများ ဆောင်ရွက် ပြီးမှသာ (၄၀၀)ဗို့ ဓာတ်အားလိုင်း ဆောင်ရွက်ရန်နှင့် ထိုသို့ဆောင်ရွက်ပါက ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ သိရှိနိုင်ရေးအတွက် လွှတ်တော် အစည်းအဝေးများတွင် ရှင်းလင်းတင်ပြခြင်း ဆောင်ရွက်သွားရန်။

( င) ရှမ်းပြည်နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအနေဖြင့် တိုးချဲ့မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လမ်းနယ်နိမိတ်အတွင်း စိုက်ထူရမည်ဆိုပါက ဘတ်ဂျက်လေလွင့်မှု မရှိစေရေး သက်ဆိုင်သည့် လမ်းဦးစီးဌာန၊ စည်ပင်သာယာရေးဌာန၊ ကျေးလက်လမ်းဦးစီးဌာနတို့နှင့် လမ်းနယ်နိမိတ်လွတ်ကင်းခြင်း ရှိ/ မရှိ ကြိုတင်ညှိနှိုင်းဆောင်ရွက်ရန်။

( စ) မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် အိမ်ရာများဆောက်လုပ်ရန်အတွက် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များနှင့် ပေါင်းစပ်ညှိနှိုင်းပြီး အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသည့် မြေနေရာ၊ သစ်တောနယ်မြေ ကင်းလွတ်သောနေရာ၊ မြို့နှင့် မဝေးလွန်းသော မြေနေရာ၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး လုံခြုံမှုရှိသည့် နေရာများကို စိစစ်ရွေးချယ်ရန်။

(ဆ) အိမ်ရာများဆောက်လုပ်ရာတွင် ဒေသဖွံ့ဖြိုးမှုနည်းပါးပြီး ဝန်ထမ်းအင်အားများသော၊ နေထိုင်ရေး ခက်ခဲသော မြို့နယ်များအား ဦးစားပေး စီမံဆောင်ရွက်ပေးသွားရန်။

( ဇ) မြို့သန့်ရှင်းသာယာလှပစေရန် မြို့နယ်တိုင်း အမှိုက်သိမ်းဆည်းရေး စီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်။

( ဈ) ဘတ်ဂျက်ခွဲဝေရာတွင် မြို့နယ်စီမံကိန်း လျာထားချက်တွင်ပါဝင်ပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများမှ ကတိကဝတ်ဖြစ်သည့် လုပ်ငန်းများကိုအလေးထား၍ ဦးစားပေးဆောင်ရွက်ရန်။

(ည) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသဦးစီးအဖွဲ့များမှ စီမံကိန်းရေးဆွဲရာတွင် သက်ဆိုင်ရာမြို့နယ် မဲဆန္ဒနယ်ရှိ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်း၍ ပူးပေါင်းရေးဆွဲရန်။

**တင်ပြချက်**

၁၁။ ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်

အရအသုံးခန့်မှန်းခြေငွေစာရင်းအား စိစစ်ပြီးဖြစ်ပါသဖြင့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေ ငွေစာရင်းတွင် သာမန်ရငွေ ကျပ် ၅၇,၉၃၄.၅၅၉ သန်း၊ ငွေလုံးငွေရင်းရငွေ ကျပ် ၀.၀၂၀ သန်း၊ စုစုပေါင်းရငွေကျပ် ၅၇,၉၃၄.၅၇၉ သန်းနှင့် သာမန်သုံးငွေ ကျပ် ၁၁၂,၆၅၇.၅၉၃ သန်း၊ ငွေလုံးငွေရင်းသုံးငွေ ကျပ် ၂၂၇,၃၂၂.၇၄၃ သန်း၊ စုစုပေါင်းသုံးငွေ ကျပ် ၃၃၉,၉၈၀.၃၃၆ သန်းကို ကော်မတီ၏ စိစစ်တွေ့ရှိချက်၊ ပြင်ဆင်ချက်များအတိုင်း ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြု ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌ၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီ။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဒုတိယဥက္ကဋ္ဌ။** အစီအစဉ်(၇) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေ ငွေစာရင်းလျာထားချက်နှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးက ပြန်လည်ရှင်းလင်းဖို့နှင့် အရအသုံးခန့်မှန်းခြေငွေစာရင်းအား လွှတ်တော်မှာ အတည် ပြုပေးနိုင်ဖို့အတွက် တင်ပြဖို့ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ) ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။** ဒီကနေ့ကျင်းပ ပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၂၀) (ဒုတိယနေ့)သို့ တက်ရောက်လာကြတဲ့ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်ဥပဒေချုပ်၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော့်အနေနဲ့ (၁၈-၅-၂၀၂၀) ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ လွှတ်တော်အစည်းအဝေး (ပထမနေ့)မှာ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၂၀- ၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ်အတွက် အရအသုံး ခန့်မှန်းခြေငွေစာရင်းများကို ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြည်နယ်အစိုးရအဖွဲ့ရဲ့အနေဖြင့် ဆောင်ရွက်ရန် ရည်ရွယ်ထားတဲ့ လုပ်ငန်းများဟာလည်း ရှမ်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်ပြီးတော့ လျာထားတာ Budget Proposal အဆင့်ပဲ ရှိပါသေးတယ်။ အဆိုပါ Budget Proposal ကို ရှမ်းပြည်နယ်လွှတ်တော်မှာ အတည်ပြုလိုက်ပြီးမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်ထောင်စုကို ဆက်လက်တင်ပြသွားရမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်အထူးအစည်းအဝေး (၁/၂၀၂၀) (ပထမနေ့)မှာ တင်ပြထားတဲ့ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်း သာမန်အသုံးစရိတ် ကျပ် ၁၁၂.၆၅၇ ဘီလီယံနှင့် ငွေလုံးငွေရင်း အသုံးစရိတ် ကျပ် ၂၂၇.၃၂၃ ဘီလီယံ၊ စုစုပေါင်းအသုံးစရိတ် ကျပ် ၃၃၉.၉၈၀ ဘီလီယံအား ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၂၀) (ပထမနေ့)မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့်စပ်လျဉ်း၍ အတည်ပြုနိုင်ဖို့အတွက် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရဲ့ သဘောဆန္ဒကို တောင်းခံမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံးက သဘောတူတဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့်

စပ်လျဉ်း၍ ရှမ်းပြည်နယ်လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။

**ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို နည်းနည်းဆွေးနွေးခွင့်ပြုပါ။ ကျွန်တော်တို့မနေ့က တင်သွင်းတဲ့ ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းကို ဆွေးနွေးလိုတဲ့ ကိုယ်စားလှယ်များရှိက ဆွေးနွေးနိုင်တယ်လို့ ဒုတိယဥက္ကဋ္ဌကြီးက ကြေညာပါတယ်။ ဆွေးနွေးတဲ့အခါမှာ ဒီနေ့ (၈) ယောက်ဆွေးနွေးပါတယ်။ ဆွေးနွေးတာလည်းတော်တော်များများက သဘောမကျတဲ့ အနေ အထားမှာရှိပါတယ်။ ဆိုလိုတာက ကျွန်တော်တို့ ဆွေးနွေးတာလည်းပဲ ကောင်းစေချင်လို့ ဆွေးနွေးတာ ဖြစ်ပါတယ်။ အဲ့တော့ ကျွန်တော်တို့ဆွေးနွေးတဲ့ကိစ္စကိုလည်း လစ်လျူရှုထား တော့မှာလား။ ဒီလိုဆိုရင် ကျွန်တော်တို့ကို ဆွေးနွေးခွင့်မပေးဘဲ ပထမရက်ကတည်းက အတည်ပြုလို့ ရနိုင်ပါတယ်။ ဆွေးနွေးခွင့်ပေးပြီးခါမှ ကျွန်တော်တို့ဆွေးနွေးတဲ့ကိစ္စကို ပြန်လည်စဉ်းစားခြင်း မပြုဘဲနဲ့ ဒါကို အတည်ပြုမယ်ဆိုရင် သဘာဝမကျနိုင်ဘူးလို့ ကျွန်တော် ယူဆပါတယ်။ ဒါကြောင့်မလို့ ကျွန်တော်ကန့်ကွက်ထားတဲ့ ကိစ္စတွေရှိပါတယ်။ မီးကိစ္စတွေ၊ ထပ်တိုးတဲ့ ကိစ္စတွေ၊ လူထုစကားဝိုင်းကနေ အတည်ပြုထားတဲ့ကိစ္စတွေ၊ အဲ့ဒါတွေကို လွှတ်တော်အနေနဲ့ ဘယ်လိုဆောင်ရွက်ပေးမလည်းဆိုတာသိချင်ပါတယ်။ ဆိုလိုတာက ဒါဟာ Proposal လို့ ဆိုပေမယ့် ဒီ Proposal ကို အထက်ရောက်သွားလို့ အထက်က အတည်ပြုပြီဆိုရင် ဒါဟာကျွန်တော်တို့ အမှန်တကယ်သုံးစွဲမှာ ဖြစ်ပါတယ်။ အဓိက က ဒီ Proposal မှာ ဒီစာရင်းတွေ ပါသွားဖို့ပဲ လိုပါတယ်။ ဆိုလိုတာက နည်းတဲ့ဟာကို ဘယ်လိုဖြည့်ပေးမလဲ။ များတဲ့ မြို့တွေကို ဘယ်လိုဖြုတ်ပေးမလဲ။ ခုနက ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံး ဆိုင်ရာစိစစ်ရေးကော်မတီ အတွင်းရေးမှူး တင်ပြထားတာရှိပါတယ်။ လုပ်ငန်းတစ်ခုကို တိုးလိုက်တယ်။ ဘာလုပ်ငန်းလည်း ကျွန်တော်မသိရပါဘူး။ နမ့်စန်ဆိုတာ ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်လား၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်လား ကျွန်တော် မသိရပါဘူး။ စာလုံးကလည်း သေးသေးလေးပါ။ ဘာမှမမြင်ရပါဘူး။ Power Point မှာပါ။ အဲ့ဒါတွေ ကျွန်တော်တို့ စိတ်ထဲမှာ မရှင်းမလင်း ဖြစ်တဲ့ကိစ္စမှာ ကျွန်တော်တို့ အတည်မပြုနိုင် ပါဘူး။ ဒါလေးကိုပြန်စဉ်းစားပေးဖို့ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံပါတယ်။ ကျေးဇူး တင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ကောင်းပါပြီ။ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း၏တင်ပြချက်နဲ့ပတ်သက်ပြီး ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်(၈)ဦးရဲ့ ဆွေးနွေးချက်များဟာ ခုနက ကျွန်တော်တို့ ဒေသန္တရ စီမံကိန်းနှင့်ပတ်သက်ပြီးတော့မှ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ စိစစ်ရေး ကော်မတီ၏ စိစစ်ချက်နှင့်အတူ နည်းဥပဒေ ၁၄၆ အရ ရှမ်းပြည်နယ်လွှတ်တော်မှ ရှမ်းပြည်နယ်ဝန်ကြီးချုပ်သို့ ဆွေးနွေးချက်ရလဒ်တွေအားလုံး ပေးပို့ပေးမှာဖြစ်ပါတယ်။ အဲ့တော့ လွှတ်တော်အနေနဲ့လည်း ဒီမှာ လွှတ်တော်ကိုယ်စားလှယ်အသီးသီးရဲ့ ဆွေးနွေးချက်များအားလုံးကို သက်ဆိုင်ရာအစိုးရအဖွဲ့ကနေပြီးတော့မှ ဆက်လက်ဆောင်ရွက်နိုင်ဖို့အတွက်ကို စီမံဆောင်ရွက်ပေးမှာဖြစ်တဲ့အတွက် အခုလိုတင်ပြဆွေးနွေးတဲ့ အကြောင်းအရာများအားလုံးဟာ လွှတ်တော်မှာလည်း ဆွေးနွေးခွင့်ရပြီး ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်များအားလုံးနဲ့အတူ သက်ဆိုင်ရာ တာဝန်ရှိသူများအားလုံး သိရှိပြီးဖြစ်တဲ့အတွက် ဒီဆွေးနွေးချက်များ အားလုံးအပေါ်မှာ သက်ဆိုင်ရာအကောင်အထည်ဖော်ရမဲ့ ဌာနများကလည်း အကောင်အထည်ဖော်ဖို့လိုမှာ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့လည်း ကျွန်တော်တို့ ဆက်လက်ပြီးတော့မှ လွှတ်တော်အပိုင်းအနေနဲ့ တိုက်တွန်းကြောင်း ကိစ္စရပ်တွေ ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

## ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၂၀) ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော် လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြခြင်း။

**ဒုတိယဥက္ကဋ္ဌ။** အစီအစဉ်(၈)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၂၀)ကို မေလ (၁၈)ရက်နေ့မှ မေလ (၁၉)ရက်နေ့အထိ (၂)ရက် ကျင်းပခဲ့ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်သက်တမ်းမှာ အစည်းအဝေးများပြုလုပ်ကျင်းပနိုင်မှုကို ပြန်ကြည့်ရင် ယနေ့အထိ ပုံမှန်အစည်းအဝေး (၁၈)ကြိမ်၊ အရေးပေါ်အစည်းအဝေး (၃)ကြိမ်နဲ့ ယခု အစည်းအဝေးအပါအဝင် အထူးအစည်းအဝေး (၂)ကြိမ်၊ စုစုပေါင်း(၂၃)ကြိမ် ကျင်းပနိုင်ခဲ့တာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၂၀)မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့သော ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံး ခန့်မှန်းခြေငွေစာရင်းကို လွှတ်တော်သို့ တင်သွင်းခြင်း၊ အကြံပြုဆွေးနွေးခြင်းနှင့် အတည်ပြု ချက်များရယူခြင်းတို့ကို ဆောင်ရွက်တဲ့အခါမှာ ဒီမိုကရေစီ ကျင့်စဉ်များကို အခြေခံပြီး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အဲ့ဒီကျင့်စဉ်များကတော့ ပွင့်လင်းမြင်သာမှုရှိခြင်း၊ တာဝန်ခံမှု ရှိခြင်း၊ အဆင့်ဆင့်စစ်ဆေးမှုရှိခြင်းနှင့် ပြည်သူလူထုပါဝင်မှုရှိခြင်းတို့ ဖြစ်ပါတယ်။

ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေမှာ ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် သာမန်ရငွေကျပ် သန်းပေါင်း ၅၇,၉၃၄.၅၅၉ သန်း၊ ငွေလုံးငွေရင်း ရငွေကျပ် သန်းပေါင်း ၀.၀၂၀ သန်း၊ စုစုပေါင်းရငွေကျပ် သန်းပေါင်း ၅၇,၉၃၄.၅၇၉ သန်းဖြစ်ပြီး သာမန်သုံးငွေကျပ် သန်းပေါင်း ၁၁၂,၆၅၇.၅၉၃ သန်း၊ ငွေလုံးငွေရင်း သုံးငွေကျပ် သန်းပေါင်း ၂၂၇,၃၂၂.၇၄၃ သန်း၊ စုစုပေါင်းသုံးငွေကျပ် သန်းပေါင်း ၃၃၉,၉၈၀.၃၃၆ သန်း ဖြစ်သဖြင့် လိုငွေကျပ် သန်းပေါင်း ၂၈၂,၀၄၅.၇၅၇ သန်း ဖြစ်တာကို တွေ့ရှိရပါတယ်။

ရသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲအကောင်အထည်ဖော်ပုံ အဆင့်ဆင့်မှာ ပြည်နယ် အစိုးရအဖွဲ့မှ တင်သွင်းလာသော သက်ဆိုင်ရာဘဏ္ဍာရေးနှစ်၏ ရသုံးခန့်မှန်းခြေငွေစာရင်း များကို ပြည်နယ်လွှတ်တော်တွင် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ပြီး လွှတ်တော်မှာ အတည်ပြုပြီး ပြည်နယ်အစိုးရအဖွဲ့သို့ ပြန်လည်အကြောင်းကြားပါတယ်။

တိုင်းဒေသကြီး/ ပြည်နယ်ဘတ်ဂျက်များ အပါအဝင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်မှာ အတည်ပြုပြီးပါက သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်တွင် တိုင်းဒေသကြီး/ ပြည်နယ်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကို အတည်ပြုပြဋ္ဌာန်း ပေးရမှာဖြစ်ပါတယ်။ တိုင်းဒေသကြီး/ ပြည်နယ် ၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်း ပြဋ္ဌာန်းပြီးပါက ဥပဒေပါ ပြဋ္ဌာန်းချက်များအရ BE စာရင်းကို ခန့်မှန်း မေလ(၁၅)ရက်နှင့် SG (Supplementary Grant) စာရင်းကို ခန့်မှန်း မတ်လမတိုင်မီတွင် ပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်လွှတ်တော်သို့ ပေးပို့ရမှာဖြစ်ပါတယ်။ တိုင်းဒေသကြီး/ ပြည်နယ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို

စက်တင်ဘာလအတွင်းနှင့် ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကို ဖွန်လတွင် ပြဋ္ဌာန်းပေးရမှာ ဖြစ်ပါတယ်။

ယခုကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၂၀)မှာ လွှတ်တော်မှဖွဲ့စည်းထားတဲ့ ရေးရာကော်မတီ (၁၀)ခု၏ သက်တမ်းနှင့် စပ်လျဉ်းပြီး ပြဋ္ဌာန်းချက်ပါ လုပ်ပိုင်ခွင့်နှင့်အညီ သက်တမ်းထပ်မံတိုးခြင်း အတည်ပြု ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်အနေနဲ့ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီး လွှတ်တော်ကိုယ်စားလှယ်များနဲ့ ရုံးဝန်ထမ်းများအတွက် စွမ်းရည်မြှင့်တင်ခြင်း၊ အပြန်အလှန် ပူးပေါင်းဆွေးနွေးခြင်း၊ ရလဒ်ကောင်းများ ဖော်ထုတ်ခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၈)ကြိမ်မြောက် ပုံမှန်အစည်းအဝေးနှင့် အထူးအစည်းအဝေး(၁/၂၀၂၀) ကြားကာလ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်၏ အရင်းအမြစ်ဖြစ်သော ရုံးဝန်ထမ်းများအတွက် NGO/ INGO ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး တွေ့ဆုံမှုများ၊ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ သင်တန်းများ၊ အလုပ်ရုံ ဆွေးနွေးပွဲများကို ဖော်ပြပါ အဖွဲ့အစည်းများနဲ့လည်း ပူးပေါင်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

The Asia Foundation၊ NDI၊ မြန်မာလွှတ်တော်နှင့် နိုင်ငံတကာ ပါလီမန်များအဖွဲ့၊ WFD၊ ငြိမ်းဖောင်ဒေးရှင်း၊ Gender Equality Network အဖွဲ့အစည်းတို့ဖြင့် တွေ့ဆုံဆွေးနွေးပွဲများ (၆)ကြိမ် ပြုလုပ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ယနေ့ ဆွေးနွေးခဲ့တဲ့ အရအသုံးခန့်မှန်းခြေငွေစာရင်းမှာပါရှိတဲ့ စီမံကိန်းလုပ်ငန်းများ၊ ရငွေသုံးငွေများနဲ့စပ်လျဉ်းပြီး စိစစ်ကြတဲ့ ကော်မတီများအနေနဲ့လည်း သတ်မှတ်ပြဋ္ဌာန်းထားတဲ့ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ နိုင်ငံတော်ရဲ့ ဘဏ္ဍာရေးဆိုင်ရာမူဝါဒ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်စိစစ်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ အစည်းအဝေး သတ်မှတ်ကာလအတွင်းမှာ ဘဏ္ဍာရေးနှစ်သစ်အတွက် အချိန်မီဆွေးနွေးအတည်ပြုပေးဖို့ လိုအပ်သလို မှျတမှန်ကန်စွာ စိစစ်ဖို့လည်းဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံးဟာ သမိုင်းပေးတာဝန်အရ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအဖြစ် အတူတကွ တာဝန်ထမ်းဆောင်ခွင့်ရတဲ့အချိန်မှာ အပြုသဘောဆောင်တဲ့ အပြန်အလှန်နားလည်မှုကိုတည်ဆောက်ပြီး မိမိတို့ရဲ့လွှတ်တော် ခိုင်မာအားကောင်းအောင် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ လွှတ်တော်လုပ်ငန်း များအပါအဝင် ဒီအထူးအစည်းအဝေးမှာ ဆောင်ရွက်ရန်

လျာထားတဲ့ အစီအစဉ်များကို အောင်အောင်မြင်မြင်ဖြစ်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြဖို့ ပြောကြားလိုပါတယ်။

တိုင်းဒေသကြီး/ ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းရေးဆွဲခြင်းဆိုင်ရာ ဥပဒေကိုလည်း ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးနေပြီဖြစ်တဲ့အတွက် နောင်စီမံကိန်းဘတ်ဂျက် လျာထားမှု ကိစ္စရပ်များ ပိုမိုစနစ်တကျဆောင်ရွက်လာနိုင်တော့မှာဖြစ်ပါတယ်။ ယခု ရသုံး ခန့်မှန်းခြေငွေစာရင်းများကို စိစစ်ရာမှာ လွှတ်တော်ကိုယ်စားလှယ်အားလုံး အပြုသဘော ဆောင်တဲ့ ဆွေးနွေးချက်များ အပါအဝင်ဖြစ်ပါတယ်။ ဒီလိုဆွေးနွေးရာမှာ လွှတ်တော် ကိုယ်စားလှယ်များက ဒေသရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် စီမံကိန်းများ လျာထား ရေးဆွဲသလို သက်ဆိုင်ရာ ဌာနများကလည်း ကဏ္ဍအလိုက် လိုအပ်ချက်များကို နှစ်တို၊ နှစ်ရှည် စီမံကိန်းများပြည့်မီအောင် မူဝါဒတွေချမှတ်ထားပြီး အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက် ပေးထားတာဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးမဲ့ One State Ten Township စီမံကိန်းနှင့် Clean and Green Cities စီမံကိန်းများကို လွှတ်တော် ကိုယ်စားလှယ်များမှ ပြည်နယ်ဒေသဖွံ့ဖြိုးမှုအတွက် လွှမ်းခြုံပြီး မျှတမှန်ကန်တဲ့မြို့နယ် ၂၅ မြို့နယ် သတ်မှတ်ပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးထားပြီးဖြစ်ပါတယ်။ ဒါကြောင့် အစိုးရနဲ့ လွှတ်တော်ရဲ့ Check and Balance ဆိုတဲ့ကဏ္ဍကို မြှင့်တင်ရာလည်းရောက်မှာ ဖြစ်ပါတယ်။ လွှတ်တော်ကော်မတီ အစီရင်ခံစာကိုလည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ဆက်လက်ပေးပို့ သွားမှာဖြစ်သလို လွှတ်တော်ကိုယ်စားလှယ်(၈)ဦးရဲ့ ဆွေးနွေးချက်ကို ဆက်လက်ပေးပို့ သွားမှာ ဖြစ်ပါတယ်။ အစိုးရအဖွဲ့မှလည်း လွှတ်တော်မှ ပေးပို့လာသော ဆွေးနွေးချက်များကို ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၄၆ အရ လွှတ်တော်၏ ဆောင်ရွက်ချက်များ အပေါ်မှာ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် ဘဏ္ဍာရေးကော်မရှင်သို့လည်း ဆက်လက် တင်ပြပေးဖို့လည်း တိုက်တွန်းလိုပါတယ်။ ဆိုလိုတာက ကျွန်တော်တို့ လွှတ်တော်မှာ အတည်ပြုပေးလိုက်တဲ့ လျာထားစာရင်းတွေ အောင်မြင်အောင်ဆောင်ရွက်ပေးဖို့ ဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးခရီးစဉ်ကို ကြိုးပမ်းဖော်ဆောင်တဲ့ နေရာမှာ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိဒေသရှိ ပြည်သူလူထုများအပေါ် မှန်ကန်သည့် စိတ်ရင်းစေတနာနှင့် အမြော်အမြင်ရှိရှိ၊ နည်းလမ်းမှန်မှန်နဲ့ မိမိတို့၏

ကိုယ်စီတာဝန် ကျေပွန်မှုများကို ထုတ်ဖော်ပြသနိုင်အောင် ကြိုးစားကြပြီး အစည်းအဝေး ကျင်းပမှု တစ်ကြိမ်ထက်တစ်ကြိမ် ပိုပြီးအတွေ့အကြုံ ရင့်ကျက်လာသည်နှင့်အမျှ ဒီမိုကရေစီ စနစ် ပိုမိုအောင်မြင် ရှင်သန်ခိုင်မာအောင် ဆက်လက်ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မိမိတို့နှင့် သက်ဆိုင်သော ဒေသများသို့ အဆင်ပြေပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြပြီး၊ ပြည်သူများနှင့် လွှတ်တော် အတွက် လိုအပ်ချက်များကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ကြပါစေ။ နောင်ကျင်းပမဲ့ ပြည်နယ် လွှတ်တော်အစည်းအဝေးမှာ ကျန်းမာချမ်းသာစွာဖြင့် ပြန်လည်ဆုံတွေ့ကြပါစို့လို့ ဆုမွန် ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

## ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၂၀) (ဒုတိယနေ့)အစီအစဉ် ပြီးစီးကြောင်းနှင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၂၀) ပြီးမြောက်ကြောင်း ကြေညာခြင်း။

**ဒုတိယဥက္ကဋ္ဌ။** အစီအစဉ်(၉) ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၂၀) (ဒုတိယနေ့) အစီအစဉ် ပြီးစီးပါပြီ။ သို့ဖြစ်ပါ၍ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူး အစည်းအဝေး (၁/၂၀၂၀) အောင်မြင်စွာကျင်းပပြီးမြောက်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

## ရှမ်းပြည်နယ်လွှတ်တော်

## မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်မှ

## ကဆုန်လပြည့်ကျော် ၁၃ ရက်ထိ

## (ခရစ်သက္ကရာဇ် ၂၀၂၀ ပြည့်နှစ်၊ မေ လ ၁၈ ရက်နေ့မှ မေ လ ၁၉ ရက်နေ့ထိ)

## တောင်ကြီးမြို့ရှိ ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည့်

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၂၀)

## ဆုံးဖြတ်ချက်များ

**ပထမနေ့ (၁၈- ၅- ၂၀၂၀) တနင်္လာနေ့**

၁။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၂၀) (ပထမနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၁၃၉)ဦး၊ တက်ရောက်သူ (၁၁၅)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၄)ဦး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။

၂။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၂၀) (ပထမနေ့)၌ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

၃။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၂၀) (ပထမနေ့)၌ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းက မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း (တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၊ အဖွဲ့ဝင်)သည် ၂-၄-၂၀၂၀ ရက်၊ ည(၁၁:၄၅)နာရီအချိန်တွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ဝမ်းနည်းကြောင်းအဆို တင်သွင်းခြင်းအား လွှတ်တော်က အတည်ပြု မှတ်တမ်းတင်သည်။

၄။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၂၀) (ပထမနေ့)၌ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်ရေးရာကော်မတီ ၁၀ ခု သက်တမ်း တိုးမြှင့်ခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**ဒုတိယနေ့ (၁၉- ၅- ၂၀၂၀) အင်္ဂါနေ့**

၅။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၂၀) (ဒုတိယနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၁၃၉)ဦး၊ တက်ရောက်သူ (၁၁၄)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၅)ဦး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။

၆။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၂၀) (ပထမနေ့)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းကို အစည်းအဝေး (ဒုတိယနေ့)တွင် လွှတ်တော်က ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုကြောင်း ဆုံးဖြတ်သည်။

၇။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၂၀) (ဒုတိယနေ့)၌ **“ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူး အစည်းအဝေး (၁/၂၀၂၀) ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများ”** အား ရှင်းလင်းတင်ပြခြင်းကို လွှတ်တော်က မှတ်တမ်းတင်သည်။